သမဏာနဥ္စ ဒဿနံ ဧတံ မင်္ဂလမုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့၊ ၂၀၀၄ ခုနှစ်၊ ဧပြီ ၄ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၈၇)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံး ကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံနှင့်လူမျိုးတိုးတက်ကြီးပွားစေရေးတစ်မျိုးသားလုံးပူးပေါင်းပါဝင်မှုစွမ်းပကားဖြင့်ကြိုးပမ်းနေရည်မှန်းချက်အောင်မြင်ရန်အမျိုးသားရေးစွမ်းအားများဘက်စုံကဏ္ဍစုံကအခိုင်အမာတည်ဆောက်စီးပွားရေးအခြေခံကောင်းများဖြစ်ထွန်းစေရန်မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့်ကျရာကဏ္ဍကဆောင်ရွက်

ရန်ကုန် ဧပြီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ယနေ့ ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်များ၊ အသင်းချုပ်အောက်ရှိ ပြည်နယ်နှင့်တိုင်းကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းများ၊ နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်းများ၊ ကုန်ပစ္စည်းအလိုက်၊ လုပ်ငန်းအလိုက်အသင်းများမှ ကိုယ်စားလှယ်များ၊ ကုမ္ပဏီလီမိတက်များမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများတက်ရောက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ညနေ ၄နာရီတွင် အမျိုးသားဓာတ်ရုံသို့ ရောက်ရှိလာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊

စာမျက်နှာ ၈ ကော်လံ ၁ ❁

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း နှင့် အဖွဲ့ဝင်များ ပေါင်းလောင်း(ရေကူ)ရေလှောင်တမံ စီမံကိန်းမြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၁၃)ကြိမ်မြောက်နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပသည့် အမျိုးသားဓာတ်ရုံ၌ အသင်းဝင်ကုမ္ပဏီများ ခင်းကျင်းပြသထားသော မြန်မာ့ထွက်ကုန်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ပေါင်းလောင်းတမံဘက်စုံစီမံကိန်း ၂၀၀၄ခုနှစ်အတွင်းအပြီးတည်ဆောက်နေ စီမံကိန်းပြီးစီးပါကလယ်မြေဧက၃၅၀၀၀ခန့်စိုက်ပျိုးရေပေးဝေရန်စီစဉ်ထား ဓာတ်အားလိုအပ်ချက်အတိုင်းအတာတစ်ရပ်အထိဖြည့်ဆည်းပေးနိုင်မည်

ရန်ကုန် ဧပြီ ၃

မကွေးမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ဒုတိယဝန်ကြီးများ၊ဌာနဆိုင်ရာအကြီးအကဲများနှင့်တာဝန်ရှိသူများနှင့်အတူ ဧပြီ၂ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်ဖြင့်မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ရေဆင်းရှိ ဗဟိုစိုက်ပျိုးရေးသုတေသနဦးစီးဌာနသို့ နံနက်၈နာရီတွင်ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

အယ်ဒီတာ အာဘော်
(၂၀၀၄ ခုနှစ်၊ ဧပြီလ ၄ ရက်)

မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြန်မာ့ရိုးရာသင်္ကြန်ပွဲဖြင့် ထိန်းသိမ်းမြှင့်တင်

မြန်မာလူမျိုးတို့တွင် အမျိုးသားယဉ်ကျေးမှု အစဉ်အလာကောင်းများရှိသည်။ လူနေမှုစနစ် ယဉ်ကျေးမှုအစဉ်အလာများ ကိုယ့်နည်းကိုယ်ဟန်ဖြင့် ဝင့်ဝင့်ထည်ထည်ရှိခဲ့သည်။

ရှိခဲ့ပြီးဖြစ်သည့် ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာများတွင် ၁၂လရာသီ လစဉ်ကျင်းပသော ရာသီပွဲတော်များ ပါဝင်သည်။

ရာသီပွဲတော်များအနက် ရေသွန်းလောင်းသော အတာကူးသည့် တန်ခူးလသည်လည်း ထင်ရှားသည်။

အတာကူးသောတန်ခူးလသည် မြန်မာတို့၏ အမြတ်တနိုးတန်ဖိုးထားသည့် မွန်မြတ်သန့်စင်သော ရိုးရာဓလေ့ပွဲတော်ကြီးတစ်ခု ဖြစ်သည်။

မကြာမီသောကာလတွင် ၁၃၆၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်ကြီး ဆင်နွှဲတော့မည် ဖြစ်သည်။ မြန်မာတို့ချစ်မြတ်နိုးသည့် ပွဲတော်ဖြစ်သည့် သင်္ကြန်ပွဲတော်သည် ၁၂ လရာသီပွဲတော်များတွင် အစည်ကားဆုံး၊ ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံးနှင့် လူကြီးလူငယ်မရွေး ပါဝင်ဆင်နွှဲကြသည့် ရိုးရာယဉ်ကျေးမှု ပွဲတော်ကြီးတစ်ရပ်လည်းဖြစ်သည်။

မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ပျော်ပျော်ရွှင်ရွှင် ရင်းနှီးချစ်ကြည်စွာ ရေပက်ကစားလေ့ရှိကြသည်။ ဥပုသ်သီတင်းသီလဆောက်တည်ကြသည်။ အသက်လွှတ်ပွဲများပြုလုပ်ကြသည်။ သွေးလှူဒါန်းကြသည်။ လူကြီးမိဘ သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ကြသည်။

မြန်မာတို့၏ ရှေးရိုးရာအစဉ်အလာမပျက် ပျော်ရွှင်ဖွယ်ရာကြည်နူးဖွယ်ရာဖြစ်သည့် မြန်မာနှစ်ကူး အတာသဘင်ပွဲတော်ကြီးကို တစ်နှစ်ထက်တစ်နှစ် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လျက်ရှိသည်။

သင်္ကြန်ပွဲတော်ကြီးတွင် တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုများ ထုတ်ဖော်ပြသခွင့် ရရှိစေရန်၊ တိုင်းရင်းသားအချင်းချင်း ရိုးရာယဉ်ကျေးမှု ဖလှယ်ခွင့်ရရှိကြစေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးမှုများကို မျက်ဝါးထင်ထင် တွေ့မြင်ပြီး မိမိတို့ဒေသများတွင်လည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြစေရန်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် ညီညွတ်မှုစိတ်ဓာတ်တို့ ဖြစ်ပေါ်စေရန်ရည်ရွယ်၍ နိုင်ငံတော်၏ ဒေသအသီးသီးမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များသည် သင်္ကြန်ပွဲတော်ဆင်နွှဲရန်အတွက် ရန်ကုန်မြို့သို့ ရောက်ရှိလျက်ရှိကြသည်။

ယင်းကဲ့သို့ မြတ်နိုးဖွယ်ရာ ပျော်ရွှင်ဖွယ်ရာမဟာသင်္ကြန်ပွဲတော်ကာလအတွင်း မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် ပြုမူပြောဆိုမှုများ၊ အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသောရေကစားမှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကိုဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆိုကြိုးပမ်းမှုများကို ရှောင်ရှားသွားကြရမည်ဖြစ်သည်။

ထို့အပြင် သင်္ကြန်ကာလအတွင်း မူးယစ်သောက်စားမှု၊ အပျော်လွန်ကျူး စည်းကမ်းမဲ့မှု စသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန်ညစ်နွမ်းစေမည့် အပြုအမူများကို ရှောင်ကြဉ်သင့်ကြပေသည်။

သင်္ကြန်ပွဲတော် ဆင်နွှဲကြသည့်ပြည်သူများအနေဖြင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းကြရမည်။ သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ကြရမည်။ အမျိုးဂုဏ်ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် ထိန်းသိမ်းမြှင့်တင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာတစ်နိုင်ငံလုံး ပျော်ရွှင်ကြည်နူးဖွယ်ရာကျင်းပတော့မည့် သင်္ကြန်ပွဲတော်ကြီးသည် တိုင်းရင်းသားပေါင်းစုံ ဆင်နွှဲသည့် တစ်မျိုးသားလုံး၏ ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကြီးတစ်ရပ်ဖြစ်သည်နှင့်အညီ မြန်မာတို့၏ အမျိုးဂုဏ် ဇာတိဂုဏ်ကို ရိုးရာယဉ်ကျေးမှုသင်္ကြန်ပွဲဖြင့် ထိန်းသိမ်းမြှင့်တင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမှိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သိက္ခာထပ်၊ အလှူမင်္ဂလာ

ရန်ကုန် ဧပြီ ၃

အဓိဋ္ဌာန်စေတီတစ်ထောင်ကျော် ပရိယတ်ချည်မျှင်ရေဆူ ဆရာတော် ဘဒ္ဒန္တအာဒိစ္စအား အမှူးထား၍ တပည့်ဒါယကာ ဒါယိကာမများ၏ စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူ၊ ဆရာတော်ကြီးအား အကြိမ်(၁၀၂၀)မြောက် သိက္ခာထပ် (ကံဆင့်) အလှူမင်္ဂလာနှင့် သင်္ကြန်တွင်း ကိုးရက်တရားစခန်းဖွင့်ပွဲတို့ကို ဆရာတော် သီတင်းသုံးရာ ရန်ကုန်တိုင်းမင်္ဂလာဒုံမြို့နယ် ပုလဲ ၃ရပ်ကွက် မြစပယ်လမ်း၊ ရန်ပြေအေးရွှေကျောင်းဓမ္မရိပ်သာ၌ ၁၃၆၅ခုနှစ် တန်ခူးလပြည့်ကျော် ၆ ရက် (၂၀၀၄ ခုနှစ် ဧပြီလ ၁၀ရက်) နံနက် ၉နာရီတွင် စတင်ကျင်းပပြီး သင်္ကြန်အတက်နေ့ ဧပြီ ၁၆ရက် နံနက် ၉း၂၈နာရီတွင် အဆိုပါကျောင်း ထီးတော်တင်လှူမည်ဖြစ်သည်။

ရဟန်းနှင့် ရှင်ဝတ်လိုသူများ၊ တရားစခန်းဝင်လိုသူများ၊ အလှူဒါနပြုလိုသူများ သည် ဧပြီ ၉ ရက်ညနေ နောက်ဆုံးထား၍ ကြိုတင်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေကျောင်းဓမ္မရိပ်သာ ကိုးရက်တရားစခန်း

ရန်ကုန် ဧပြီ ၃

၁၃၆၅ ခု တန်ခူးလပြည့်ကျော် ၆ရက်မှ တန်ခူးလကွယ်နေ့ (ဧပြီ ၁၀ရက်မှ ၁၈ရက်အထိ) ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပုလဲ (၃)ရပ်ကွက် မြစပယ်လမ်း ရန်ပြေအေး ရွှေကျောင်း ဓမ္မရိပ်သာကျောင်းတိုက်၏ ဦးစီးပဓာနနာယက ပရိယတ်ချည်မျှင် ရေဆူဆရာတော် ဘဒ္ဒန္တအာဒိစ္စ ကိုယ်တိုင် ဝိပဿနာ တရားစခန်း ဖွင့်လှစ်မည် ဖြစ်သဖြင့် ရှင်ပြု၊ ရဟန်းခံ၊ သိက္ခာထပ် (ကံဆင့်) လိုသူများနှင့် တရားစခန်း ဝင်လိုသူများ အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၅၃၉၅၃၅သို့ ဆက်သွယ် စာရင်းပေး သွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် စာရေးဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၂/၂၀၀၄)သင်တန်းဆင်းပွဲအခမ်းအနားကို ဧပြီ ၂ရက်က သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဆောက်လုပ်ရေးဗဟိုသင်တန်းကျောင်းခန်းမတွင် ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း သင်တန်းဆင်းအမှာစကားပြောကြားစဉ်။

(၈၄)ကြိမ်မြောက်သွေးလှူ

ရန်ကုန် ဧပြီ ၃

စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့် သဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေးမှ စက်ခန်းမှူး(ပ)ဦးမောင်မောင်အေး (လူမှုထူးချွန်-ဒုတိယဆင့်) **(အပေါ်ပုံ)** သည် ဧပြီ ၁ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဗဟိုအမျိုးသားသွေးလှူဘဏ်တွင်(၈၄)ကြိမ်မြောက်သွေးလှူဒါန်းခဲ့သည်။ **(က-ပ)**

တာမွေမြို့နယ် အမက(၂)၏ ၂၀၀၃-၂၀၀၄ ခုနှစ် မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၁ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးက စတုတ္ထတန်းတန်းခွဲပထမဆုရ မောင်ပိုင်သန့်ကျော်အား ဆုချီးမြှင့်စဉ်။ (က-ပ)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း မြေအောက်လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှု လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ





❒ **ရှေ့ဖုံးမှ**

ရှေးဦးစွာ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များအား ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာန မျိုးစေ့ဘဏ်ဧည့်ခန်းမ၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်စိုးက ရေဆင်းစိုက်ပျိုးရေးသုတေသန၏ ရည်ရွယ်ချက်၊ ဌာနတွင်းရှိ ဌာနခွဲနှင့် ဌာနစုများ၊ မြေယာအသုံးချမှု၊ ဒေသသုတေသနခြံများ၊ သီးနှံ့ဗဟိုသုတေသနဌာနများ၊ သုတေသနပြုပြီး စပါးမျိုးများ၊ စမ်းသပ်စပ်မျိုးစပါးများ ထုတ်လုပ်ခြင်း၊ နေကြာ၊ ပြောင်း၊ ပဲမျိုးစုံ၊ ဝါ၊ ကြံအပါအဝင် သီးနှံမျိုးစုံတို့အား သုတေသနပြုမှုအခြေအနေ၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် မျိုးစေ့သုတေသနလုပ်ငန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

လွတ်လပ်စွာရောင်းဝယ်ခွင့်ပြု

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက နိုင်ငံတော်၏ စီးပွားရေးစနစ်ကို ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းဆောင်ရွက်လျက်ရှိသည်နှင့်အညီ တောင်သူလယ်သမားများ စိုက်ပျိုးသည့် စပါးသီးနှံအပြင် ဝါ၊ ကြံနှင့် နှစ်ရှည်ပင်ရော်ဘာတို့အား ပြည်တွင်း၌ လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ဖောက်ကားခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ရော်ဘာကိုမူ ပြည်တွင်းသုံးစွဲမှုလုံလောက်ရုံသာမက ပိုလျှံသဖြင့် ပြည်ပသို့ တင်ပို့ရောင်းချရန် စီမံထားကြောင်း။

သို့ဖြစ်ရာ သုတေသနပညာရှင်များအနေဖြင့် သီးနှံမျိုးစေ့သုတေသနဆိုင်ရာလုပ်ငန်းများကို သာမန်သဘောမဟုတ်ဘဲ တောင်သူလယ်သမားများအတွက် အမှန်တကယ်လိုအပ်သည့် အရည်အသွေးကောင်းသီးနှံမျိုးစေ့များ ထွက်ပေါ်လာအောင် သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အချိန်တိုအတွင်း အထွက်နှုန်းမြင့်မားသည့်သီးနှံမျိုးစေ့များ၊ သုတေသနပြုထုတ်လုပ်နိုင်ရေးအတွက်သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ်သုတေသနပြုနိုင်ရေးတို့ကိုဆောင်ရွက်သွားကြရန်အားပေးမှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် စပါးမျိုးစေ့ဘဏ် သုတေသနပြခန်း(၁)နှင့်သုတေသနပြခန်း(၂)တို့ကို လှည့်လည်ကြည့်ရှုသည်။ ယင်းနောက် ဗဟိုစိုက်ပျိုးရေးသုတေသနစိုက်ကွင်းရှိ မျိုးစေ့ထုတ်လုပ်ခြင်းစံကွက်၌ (IR. 58025 A နှင့် IR. 58025.B) စပါးစိုက်ပျိုးရှင်သန်အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ပေါင်းလောင်းတမံရောက်ရှိ

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ အရှေ့ဘက် ၂၆ မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပေါင်းလောင်းရေလှောင်တမံရေကူစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမျိုးမြင့်နှင့်ဆည်မြောင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းတို့က ပေါင်းလောင်းရေလှောင်တမံရေကူစီမံကိန်းကို လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနတို့က သတ်မှတ်ချိန်ပြီးစီးရေး အတွက်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် သွားမည့်အစီအစဉ်များ၊ စီမံကိန်းဆိုင်ရာ အချက်အလက်များကို မြေပုံကားချပ်တို့ဖြင့် ရှင်းလင်းတင်ပြကြသည်။

လှည့်လည်ကြည့်ရှု

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က လိုအပ်သည်များကို မှာကြားပြီး ပေါင်းလောင်းရေလှောင်တမံ ရေကူစီမံကိန်း တည်ဆောက်မည့် လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုသည်။

ပျဉ်းမနားမြို့နယ်အတွင်း လက်ရှိဆောင်ရွက်လျက်ရှိသော ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ အထက်ဘက် ပေါင်းလောင်းမြစ်ပေါ်၌ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်ခြင်းဖြင့် လက်ရှိပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း၏ နှစ်စဉ်လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ရာ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား ၈၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

လုပ်ငန်းပြီးစီးမှုတင်ပြ

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ပေါင်းလောင်းရေလှောင်တမံဘက်စုံစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ရှေးဦးစွာ ဆည်မြောင်းခန်းမ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရေအားလျှပ်စစ်ဦးစီးဌာနက တာဝန်ယူဆောက်လုပ်လျက်ရှိသည့် ရေလွှဲဥမင်လိုဏ်နှင့် ဆက်စပ်အဆောက်အအုံများ၊ ရေယူအဆောက်အအုံ(Power Intake) ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ မြေအောက်ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းများ၊ ကေဗွီ ၂၃၀ ဓာတ်အားလိုင်းနှင့် ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာန တည်ဆောက်ရေး(၁) ညွှန်ကြားရေးမှူး ဦးစိုးမြင့်နှင့် ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၅) ညွှန်ကြားရေးမှူးဦးဗစ်တာတို့က ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း၌ မိမိတို့ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့်တည်ဆောက်ရေးလုပ်ငန်းများ အားလုံး အချိန်မီပြီးစီးရေးအတွက် ပေါင်းစပ်ဆောင်ရွက်နေမှုတို့ကို ရုပ်ပုံကားချပ်တို့ဖြင့် ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေးနိုင်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ပေါင်းလောင်းဘက်စုံစီမံကိန်း၌ တာဝန်ယူဆောင်ရွက်နေကြသည့် မြန်မာအင်ဂျင်နီယာများ၊ ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုကို ချီးကျူး မှတ်တမ်းတင်ပါကြောင်း၊ စီမံကိန်းကြီးကို သတ်မှတ်အချိန်ကာလအတွင်း သေသပ်ပြီးစီးအောင် အလေးထား ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုစီမံကိန်းကြီးမှထုတ်လုပ်မည့် လျှပ်စစ်ဓာတ်အားများသည် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အတိုင်းအတာတစ်ရပ်အထိ ဖြည့်ဆည်း ပေးနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လုပ်ငန်းခွင်အတွင်း သွားရောက်၍ ပင်မကျောက်ဖြည့်တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ Power House ၌ မဂ္ဂါဝပ် ၇၀ စီရှိ စက်လေးလုံး တပ်ဆင်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်စက်ရုံအဝင် ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းတည်ဆောက်

ပေါင်းလောင်း ရေလှောင်တမံဘက်စုံစီမံကိန်းကို ပျဉ်းမနားမြို့ အရှေ့ဘက် ၁၁ မိုင်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက် အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ စီမံကိန်းပြီးစီးပါက လယ်မြေဧက ၃၅၀၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည့်အပြင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ထုတ်လုပ်နိုင်မည့် စီမံကိန်းဖြစ်ပြီး ၂၀၀၄ ခုနှစ်အတွင်း ပြီးစီးအောင် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ယင်းမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိပြီး လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ပေါင်းလောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း ကျောက်ဖြည့်တမံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တရားစခန်းများ ဆက်လက်ဖွင့်မည်

ရန်ကုန် ဧပြီ ၃

သန်လျင်မြို့ လယ်တီမူအနာဂါမ် ဆရာသက်ကြီး နည်းနာအတိုင်း ကမ္မဋ္ဌာန်းဌာနနာယက ပုသိမ်မြို့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ် မဟာရုံသီပရိယတ္တိစာသင်တိုက်၏ နာယကပဓာနိဿရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ B.Sc ဆရာတော် ဘဒ္ဒန္တ ကုဝိန္ဒသည် ပုသိမ်မြို့ တဂေါင်းဘုရားအနီး သရေောင်း ချောင်းလမ်း၊ မဟာရုံသီပရိယတ္တိစာသင်တိုက်၌ ဧပြီ ၁၀ ရက်မှ ၁၅ ရက်ထိနှင့် ဧပြီ ၁၈ ရက်မှ ၂၄ ရက်ထိ နှစ်ကြိမ်တိုင် တရားစခန်းဖွင့်လှစ်ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူများသည် အထက်ပါလိပ်စာတွင် စာရင်းပေးသွင်းနိုင်ပြီး ပထမတရားစခန်းကို ဧပြီ ၉ ရက်နှင့် ဒုတိယတရားစခန်းကို ဧပြီ ၁၇ ရက် ညနေ ၃ နာရီထက် နောက်မကျစေဘဲ လာရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဖော်လူဂျာမြို့တွင် ပုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား လမ်းဘေးပုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ကန်တပ်ဖွဲ့ဝင်သုံးဦးဒဏ်ရာရ

ဖော်လူဂျာ ဧပြီ ၃

ဖော်လူဂျာမြို့တွင်း၌ အမေရိကန် ကန်ထရိုက်အလုပ်သမားလေးဦး အသတ်ခံရပြီး နောက်တစ်နေ့ဖြစ်သော ကြာသပတေးနေ့က ဖော်လူဂျာမြို့အနီးတွင် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့ကြသည်။

ဖော်လူဂျာအနောက်ဘက်ရှိ ရာမာဒီမြို့၌ ကားတစ်စီး ဈေးတစ်ခုတွင် ဗုဒ္ဓဟူးနေ့ ညနေပိုင်းက ဗုံးပေါက်ကွဲပြီး ထိမှန်ခြင်းခံခဲ့ရရာ အီရတ်အရပ်သားခြောက်ဦးသေပြီး လေးဦး ဒဏ်ရာရခဲ့သည်ဟု အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ ပြောခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး စတိဖ်မာရေးက ပြောကြားသည်။

မဆုံးဖြတ်နိုင်

ယင်းပေါက်ကွဲမှုသည် အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခြင်း သို့မဟုတ် ကားအတွင်း၌ အသေခံဗုံးဖောက်ခွဲသူ ရှိ မရှိကို အီရတ်ရဲအဖွဲ့က မဆုံးဖြတ်နိုင်ဘဲရှိသည်ဟု မာရေးက ပြောကြားသည်။

ဒဏ်ရာရ

ကြာသပတေးနေ့က ဖော်လူဂျာမြို့အပြင်ဘက်တွင် အမေရိကန် စစ်ယာဉ်တန်းကို ခုခံတိုက်ခိုက်ရေးသမားများက ဗုံးခွဲတိုက်ခိုက်ခဲ့ရာ၌ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ၎င်းတို့အား စစ်မြေပြင်ဆေးရုံသို့ ပို့လိုက်ကြောင်း ဗိုလ်မှူးချုပ် မာ့ခ်ကင်မ်မစ်က ပြောကြားသည်။

ပေါက်ကွဲ

ထို့ပြင် ကြာသပတေးနေ့က ဘဂ္ဂဒက်မြောက်ဘက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ စောင့်ကြပ်လိုက်ပါလာသော လောင်စာဆီတင်ယာဉ်တန်းအနီး၌ ပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ရာ အီရတ် တစ်ဦးထက်မနည်း ဒဏ်ရာရခဲ့သည်။

သေဆုံး

ထိုတိုက်ခိုက်မှုများသည် ဗုဒ္ဓဟူးနေ့က ဖော်လူဂျာ၌ အမေရိကန် ကန်ထရိုက်အလုပ်သမားလေးဦး ချုံခိုတိုက်ခိုက်ခံရပြီးနောက်ပိုင်းတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အမှတ်(၁) ခြေမြန်တပ်မမှ အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးမှာလည်း ဖော်လူဂျာ၌ပင် ဗုဒ္ဓဟူးနေ့က ဗုံးဖောက်ခွဲတိုက်ခိုက်ခံရပြီး သေဆုံးခဲ့ရသည်။

(အင်တာနက်)

အီရတ်၌ လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာ စစ်ပွဲစချိန်မှစ၍ အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၆၀၀ရှိပြီ

ဘဂ္ဂဒက် ဧပြီ ၃

အီရတ်နိုင်ငံတွင် ယမန်နေ့က အမေရိကန်တပ်ဖွဲ့ဝင် နောက်ထပ်နှစ်ဦးသေဆုံးခဲ့ရာ ယခုအခါ အီရတ်၌ စစ်ပွဲစချိန်မှ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းအရေအတွက်သည် ၆၀၀ထိ ရှိသွားပြီဖြစ်သည်။

အမေရိကန်စစ်ဘက်ဆိုင်ရာက ထုတ်ပြန်သည့်ကြေညာချက်တွင် ယမန်နေ့အစောပိုင်း၌ ဘဂ္ဂဒက်မြို့၏ အယ်လ်မန်ဆာအရပ်၌ လမ်းဘေးဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် အမှတ်(၁) သံချပ်ကာတပ်မမှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားတစ်ဦးဒဏ်ရာရကြောင်း ဖော်ပြထားသည်။

ထို့ပြင် ကြေညာချက်၌ ဘဂ္ဂဒက်အနောက်ဘက် အယ်လ်အန်ဘာပြည်နယ်၌ ကြာသပတေးနေ့က ဖြစ်ပွားခဲ့သော တိုက်ပွဲတွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ဆက်လက်ဖော်ပြထားသည်။

တိုက်ပွဲ၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၀၈ဦးနှင့် တိုက်ပွဲကြောင့်မဟုတ်ဘဲ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၉၂ဦး အပါအဝင် နောက်ဆုံးသေဆုံးသူများနှင့်ဆိုလျှင် အီရတ်၌သေဆုံးသော တပ်ဖွဲ့ဝင်စုစုပေါင်း အရေအတွက်သည် ၆၀၀ထိရှိသွားပြီဟု သိရသည်။

သမ္မတဂျော့ဒဗလျူဘုရှ်က တိုက်ပွဲပြီးကြောင်း ကြေညာခဲ့သည့် မေ ၁ရက်မှစပြီး တိုက်ပွဲ၌ သေဆုံးသော တပ်ဖွဲ့ဝင်ဦးရေမှာ ၂၉၃ ဦးရှိရာ တိုက်ပွဲ၌ စုစုပေါင်းသေဆုံးသူ အရေအတွက်၏ထက်ဝက်ကို ကျော်လွန်သွားခဲ့ပြီဖြစ်သည်။

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ ပိုဆိုးလာသဖြင့် အီရတ်နိုင်ငံတွင် ရှေ့သီတင်းပတ်၌ဖွင့်ရန်ရှိသော ဘဂ္ဂဒက်ကုန်စည်ပြပွဲကို ရွှေ့ဆိုင်းခဲ့ရသည်။ **(အင်တာနက်)**

ဧပြီ ၂ရက်က ဘဂ္ဂဒက်မြို့ အနောက်မြောက်ဘက်တွင် ရေနံတင်ကားတစ်စီးအနီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ဆန့်ကျင်ရေး ဘဂ္ဂဒက်တွင် ဆန္ဒပြ

ဧပြီ ၂ရက်က ဘဂ္ဂဒက်မြို့ အမေရိကန်နှင့်အပေါင်းပါ အုပ်ချုပ်ရေးဌာနချုပ်အပြင်ဘက်တွင် အီရတ်အလံကိုဝှေ့ယမ်း၍ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ်တို့ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်ဆိုင်ရာ ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်အသစ် မျှော်လင့်ကြောင်း အမေရိကန် ပထမဆုံးအကြိမ်ပြောကြား

ဘာလင် ဧပြီ ၂

ကုလသမဂ္ဂ၏ လုပ်ပိုင်ခွင့်အမိန့်အာဏာရရှိရေးကို အမေရိကန်ကြိုးပမ်းရန် အနောက်အုပ်စု၏ ဖိအားပေးမှုအား တုံ့ပြန်ဆောင်ရွက်ရာတွင် အချုပ်အခြာအာဏာလွှဲပြောင်းခြင်းမပြုမီ အီရတ်နှင့်စပ်လျဉ်း၍ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်သစ်ကိုမျှော်လင့်ကြောင်း အမေရိကန်ပြည်ထောင်စုက ကြာသပတေးနေ့က ပထမဆုံးအကြိမ် ပြောကြားလိုက်သည်။

အီရတ်၌ နိုင်ငံတကာအဖွဲ့အစည်းရှိမှုကို ကျောထောက်နောက်ခံပြုသော ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်သစ်မပါဘဲ ဇူလိုင် ၁ ရက်က လွှဲပြောင်းမှုအပြီးတွင် အီရတ်၌ ပါဝင်ပတ်သက်လိုခြင်း မရှိကြောင်း ပြင်သစ်နှင့်စပိန်ကဲ့သို့ နိုင်ငံများက ပြောကြားခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စုက ဖြစ်နိုင်စရာရှိသော ဆုံးဖြတ်ချက်သစ်ကိုသာ စဉ်းစားလိုကြောင်း ယခင်ကပြောကြားထားခဲ့သော်လည်း ကြာသပတေးနေ့က မူ နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က အီရတ်အစိုးရသို့ အုပ်ချုပ်ရေး တရားဝင်မလွှဲပြောင်းမီ အတည်ပြုမည့် ဆုံးဖြတ်ချက်သစ်ကို ယခုအခါ မျှော်လင့်ကြောင်း ပြောဆိုခဲ့သည်။

ဇူလိုင် ၁ ရက် နီးကပ်လာချိန်တွင် ဆုံးဖြတ်ချက်သစ်တစ်ရပ် ရရှိလိမ့်မည်ဟု မိမိထင်ကြောင်း အမေရိကန်ပြည်ထောင်စု၏ ထိပ်တန်း သံတမန် ကောလင်းပါဝဲလ်က ဇက်ဒီအက်ဖ်ဂျာမန် ရုပ်မြင်သံကြားနှင့် တွေ့ဆုံရာ၌ ပြောကြားသည်။ ကုလသမဂ္ဂအဖွဲ့အစည်း အီရတ်သို့ ပြန်သွားရေးကို သဘောတူလင့်ကစား ဆုံးဖြတ်ချက်သစ်တစ်စုံတစ်ရာ၌ ကမ္ဘာ့အဖွဲ့အစည်းအား မည်မျှ လုပ်ပိုင်ခွင့်ပေးမည်ကို အမေရိကန်ပြည်ထောင်စုက မပြောကြားဘဲ ထားသည်။ **(အင်တာနက်)**

အီရတ်ကိစ္စ နေတိုးပါဝင်မည့် အလားအလာမရှိ

ဘရပ်ဆယ် ဧပြီ ၃

အီရတ်နိုင်ငံတွင် ဇူလိုင်လ၌ အုပ်ချုပ်ရေးလွှဲပြောင်းသည့်အချိန်ထိ အီရတ်နိုင်ငံ၌ နေတိုးအဖွဲ့ပါဝင် တာဝန်ယူဆောင်ရွက်ခြင်းပြုရန် အမေရိကန်၏တိုက်တွန်းမှုကို နေတိုးက လက်ခံရန် အလားအလာမရှိကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ဝန်ခံလိုက်သည်။

အသစ်တိုးချဲ့ထားသော နေတိုးအဖွဲ့ဝင် ၂၆နိုင်ငံအနက် ၁၈နိုင်ငံက အီရတ်သို့ တပ်များလွှတ်ထားပြီးဖြစ်ကြောင်း ပါဝဲလ်က ပြောကြားသည်။ အီရတ်အစိုးရကို အချုပ်အခြာအာဏာပြန်ပေးပြီးနောက် စုပေါင်းအခန်းကဏ္ဍသစ်နှင့်စပ်လျဉ်း၍ နေတိုးက စဉ်းစားမည်ဟု အမေရိကန်က ယုံကြည်ထားကြောင်း သတင်းစာရှင်းပွဲတွင် ကောလင်းပါဝဲလ်က ပြောကြားသည်။

အမေရိကန်နှင့်အပေါင်းပါတပ်များ ဆင်နွှဲခဲ့သော အီရတ်စစ်ပွဲကို ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က ဆန့်ကျင်ခဲ့ကြပြီး အီရတ်၌ နေတိုးအဖွဲ့ပူးပေါင်းရန် မစဉ်းစားမီ ကုလသမဂ္ဂလုံခြုံရေးကောင်စီက နောက်ထပ် ဆုံးဖြတ်ချက်တစ်ရပ် လိုအပ်မည်ဖြစ်ကြောင်း ပြောဆိုခဲ့ကြသည်။ **(အင်တာနက်)**

တရုတ်နှင့်ဥရုဂွေး စီးပွားရေးတိုးမြှင့်ဆောင်ရွက်

မွန်တီဗီဒီယို ဧပြီ ၂

ဥရုဂွေးနှင့် တရုတ်နိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ပိုမိုလျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း ဥရုဂွေး ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဂွာလာမိုဗဲလက်စ်က ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

တရုတ်နိုင်ငံနှင့် ဥရုဂွေးနိုင်ငံတို့သည် စီးပွားရေး၊ကုန်သွယ်ရေး၊နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ ပဲပုပ်တင်ပို့နိုင်ချေများ လေ့လာရေးနှင့် တရုတ်နိုင်ငံသို့ ဥရုဂွေး အမဲသားများ ပိုမိုတင်ပို့ရေး၊ ဥရုဂွေးထုတ်ကုန်များ သန့်ရှင်းသပ်ရပ်ပြီး အရည်အသွေးကောင်းမွန်ရေးကိစ္စရပ်များကို တရုတ်-ဥရုဂွေး (၁၄)ကြိမ်မြောက် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၌ သဘောတူချက်များရရှိခဲ့ကြောင်း အစည်းအဝေးနောက်ဆုံးနေ့က ဗဲလက်စ်က ပြောကြားလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံတည်ငြိမ်ရေး အလှမ်းဝေးနေဆဲ ခုခံတိုက်ခိုက်မှုနှင့် ဆန္ဒပြမှုများသာ ပိုများလာ

ဧပြီ ၂ ရက်က မိုဆူးလ်မြို့ လမ်းတစ်လမ်း၌ ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို အီရတ်မိသားစုဝင်များက စောင့်ကြည့်နေကြစဉ်။

(ယင်းကဲ့သို့ အမေရိကန်တပ်ဖွဲ့ဝင်များ၏ ဝင်ရောက်စီးနင်းရှာဖွေမှုများကြောင့် အီရတ်ပြည်သူတို့ စိုးရိမ်ကြောင့်ကြနေကြရသည်။)

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ

ဧပြီ ၂ ရက်ကဘဂ္ဂဒက်မြို့ စုပေါင်းအာဏာပိုင်ရုံးချုပ်ရှေ့၌ အီရတ်ပြည်သူတို့ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂ရက်က ဘဂ္ဂဒက်မြို့၌ ထောင်ပေါင်းများစွာသော အီရတ်ပြည်သူများ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြပွဲ ပြုလုပ်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၂ ရက်က ဘာဆာရာမြို့တောင်ပိုင်း၌ ဗြိတိသျှတပ်ဖွဲ့ဝင်များ ကင်းလှည့်နေကြစဉ်။

(ယင်းဘာဆာရာမြို့နေ အီရတ်ပြည်သူများသည် စစ်ပွဲကြောင့် ဆုံးရှုံးပျက်စီးမှုများကို မကျေနပ်၍ မကြာခဏ ဆန္ဒပြတောင်းဆိုလျက် ရှိကြသည်။) **(ဓာတ်ပုံ-အင်တာနက်)**

မြန်မာ့အလင်း အီရတ်မြင်ကွင်း

ဧပြီ ၂ ရက်က ဘဂ္ဂဒက်မြို့၌ အမေရိကန်ဆန့်ကျင်ရေး ဆန္ဒပြနေသော အီရတ်ပြည်သူများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ အကြား ထိပ်တိုက်ရင်ဆိုင်ကြုံတွေ့နေမှုကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဧပြီ ၁ ရက်က ဘဂ္ဂဒက်မြို့တောင်ဘက် ကျေးရွာတစ်ရွာအနီး၌ အီရတ်တိုက်ခိုက်ရေးသမားများအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

Myanmar CP Inter Club Tennis ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက အခမ်းအနားသို့ တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် Myanmar CP Inter Club Tennis ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်း တက်ရောက်၍ ဆုများကိုချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr.Suphot Thirakaosal၊ မြန်မာနိုင်ငံစီပီလိုက်ဖ်စတော့စ်ကုမ္ပဏီမှ ဒုတိယလက်ထောက်ဥက္ကဋ္ဌ Mr.Sawat Kiatphaiboon နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆုချီးမြှင့်ပွဲ မစတင်မီ ဗိုလ်လုပွဲ ပွဲစဉ်များကို သတ်မှတ်ကွင်းများ၌ကျင်းပသည်။

ဆုချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ ထားထားလွင်နှင့် ရတနာတို့အား ဒေါ်ရီရီသာ ကလည်းကောင်း၊ ဒုတိယဆုရ ကြည်မြမော်နှင့် ပထမဆုရ အေမီထွန်းတို့အားမစ္စယူဂျင်းဆူဇင်ကလည်းကောင်း ဆုများကို ပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍(ခ)အဆင့်အသင်းလိုက် ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရ Heroes နှင့် Morning Star (A) အသင်း၊ ဒုတိယဆုရ Top star ၊ ပထမဆုရ ရောဝတီ၊ (က)အဆင့်အသင်းလိုက် ပြိုင်ပွဲတွင် တတိယဆုရ တိုင်ဖွန်း၊ ဒုတိယဆုရ ကာကွယ်ရေးနှင့်ပထမဆုရ သစ်တောအသင်းတို့အား မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကျော်ဝင်းက ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာစီပီလိုက်ဖ်စတော့စ်ကုမ္ပဏီမှ Mr.Phi Chet က ပြိုင်ပွဲကျင်းပခြင်း အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ Mr.Phi Chet က Myanmar CP Inter Club Tennis ပြိုင်ပွဲအတွက် အလှူငွေကျပ်သိန်း ၅၀နှင့် ရှယ်Family ကုမ္ပဏီက ငွေကျပ် သိန်း ၂၀၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်အတွက် စေတနာရှင်၊ အလှူရှင်များက စုစုပေါင်းအလှူငွေကျပ် ၁၇ သိန်း ခြောက်သောင်းတို့ကိုပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက လက်ခံသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကျော်ဝင်းက အမှတ်တရလက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာစီပီလိုက်ဖ်စတော့စ်ကုမ္ပဏီမှ အကြံပေးအရာရှိ ဦးအောင်ဒင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ပြိုင်ပွဲတွင် ပါဝင်ကူညီခဲ့ကြသော ဒိုင်အဖွဲ့ဝင်များအား အမှတ်တရပစ္စည်းများကို ပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

(၂၆-၃-၂၀၀၄ မှ ၄-၄-၂၀၀၄)

(မည်သူမဆိုအခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။)

တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲဆက်

ရန်ကုန် ဧပြီ ၃

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို ယနေ့နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်း ပြတိုက်၌နဝမနေ့အဖြစ် ဆက်လက်ဖွင့်လှစ်ပြသသည်။

ယင်းပြပွဲတွင် တပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်ခန်းမရှိ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၌ ဗဟုသုတ ဉာဏ်စမ်းမေးခွန်းလွှာ ဖြေဆိုမှုပြိုင်ပွဲကို နေ့စဉ် မွန်းတည့် ၁၂ နာရီတွင် ကျင်းပပေးရာ စိတ်ပါဝင်စားသူများ ဝင်ရောက်ဖြေဆိုကြပြီး ဆုရရှိသူများအား နေ့စဉ်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယနေ့ပြပွဲသို့ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၈၉၅ ဦး လာရောက်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

မြန်မာကုန်စည်ပြပွဲ- ၂၀၀၄ဒုတိယနေ့ဆက်လက်ခင်းကျင်း

ရန်ကုန် ဧပြီ ၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် Quartz International Co.,Ltd. က စီစဉ်ခင်းကျင်းပြသသည့် မြန်မာ့နှစ်သစ်ကူးအကြို မြန်မာကုန်စည်ပြပွဲ- ၂၀၀၄ကို ယနေ့ ဒုတိယမြောက်နေ့အဖြစ် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းရှိ ရန်ကုန်ကုန်သွယ်မှုဗဟိုဌာန၌ ဆက်လက် ခင်းကျင်းပြသလျက်ရှိရာ စီးပွားရေး လုပ်ငန်းရှင်များ၊ ကျောင်းသားကျောင်းသူများနှင့်ပြည်သူများ၊ လာရောက်ကြည့်ရှု လေ့လာဝယ်ယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

ပြပွဲတွင် Great Summit International Service Co.,Ltd. ၏ (၂၁)ရာစု ခေတ်မီကိုရီးယားလာ မီနိတ်ရောင်စုံကြမ်းခင်းများပြခန်း **(ယာပုံ)**၊ Tong Tah ကုမ္ပဏီလီမိတက်၏ ဂျပန်၊ အီတလီ၊ အင်ဒိုနီးရှားနှင့် ဂျာမနီနိုင်ငံတို့မှ ထုတ်လုပ်သော စက်ပစ္စည်းများ၊ ရုံးသုံး ကျောင်းသုံးပစ္စည်းများပြခန်းနှင့် အလှကုန် လူသုံးကုန် ပစ္စည်းများ ပြခန်းများ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ် ပစ္စည်းများပြခန်းတို့ကို Star Entertainment Co.,Ltd ၏ ကုန်ပစ္စည်းကြော်ငြာသရုပ်ပြပွဲ တက်သစ်စ အနုပညာရှင်အဖွဲ့ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပူးတွဲပြသ ရောင်းချလျက်ရှိသည်။ ယင်းပြပွဲကို ဧပြီ ၅ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးနှင့်လူငယ်တံခွန်စိုက်

စစ်တုရင်ပြိုင်ပွဲများကျင်းပမည်

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ကကြီးမှူး၍ (၆)ကြိမ်မြောက် အမျိုးသမီးတံခွန်စိုက်နှင့်သက်တန်းအလိုက် အမျိုးသား၊ အမျိုးသမီးအသက် (၁၂၊၁၄၊၁၆၊၁၈၊၂၀)နှစ်အောက်လူငယ်တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲများကို ဧပြီ ၃၀ရက်မှမေ ၇ရက်အထိအောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

အမျိုးသမီးတံခွန်စိုက်ပြိုင်ပွဲမှ ၂၀၀၅ခုနှစ် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ကျင်းပမည့် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ပဏာမအမျိုးသမီး မြန်မာ့လက်ရွေးစင်များရွေးချယ်မည်ဖြစ်သည်။ သက်တန်းအလိုက်လူငယ်ပြိုင်ပွဲများမှ ၂၀၀၄ခုနှစ် ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၅)ကြိမ်မြောက်အာဆီယံသက်တန်းအလိုက်လူငယ်တံခွန်စိုက်ပြိုင်ပွဲအတွက်လူငယ်လက်ရွေးစင်အားကစားသမားများရွေးချယ်မည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည့် စစ်တုရင်အားကစားသမားမောင်မယ်များသည် ဧပြီ ၂၉ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်အောင်ဆန်းအားကစားပြိုင်ဝင်းသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ပြည်နယ်နှင့်တိုင်းအမျိုးသမီး (အကြီးတန်း) ဘောလုံးပြိုင်ပွဲ မွန်ပြည်နယ်အသင်းကမန္တလေးတိုင်းအသင်းကိုအနိုင်ရရှိ

ရန်ကုန် ဧပြီ ၃

၂၀၀၄ ခုနှစ် နဝမအကြိမ်မြောက်ပြည်နယ်နှင့်တိုင်းအမျိုးသမီး (အကြီးတန်း) ဘောလုံးပြိုင်ပွဲပထမအကြိုဗိုလ်လုပွဲ ပွဲစဉ်အဖြစ်ယနေ့ညနေ ၄ နာရီတွင်အောင်ဆန်းအားကစားပြိုင်ဝင်း၌ မွန်ပြည်နယ်အသင်းနှင့်မန္တလေးတိုင်းအသင်းတို့ယှဉ်ပြိုင်ရာ မွန်ပြည်နယ်အသင်းကမန္တလေးတိုင်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားပြီးဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

အကောင်းဆုံး ဘောလုံးသမားဆုကို မွန်ပြည်နယ်အသင်းမှ ကျောနံပါတ် ၈ နွယ်နွယ်စိုးက ရရှိသည်။

ဧပြီ ၄ ရက်တွင်ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် အောင်ဆန်းအားကစားပြိုင်ဝင်း၌ရောဝတီတိုင်းအသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့ ညနေ ၄နာရီအချိန်တွင်ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

အာရှကလပ်ဘောလုံးပြိုင်ပွဲ၌တာဝန်ထမ်းဆောင်ရန် မြန်မာဒိုင်လူကြီးလေးဦး ဗီယက်နမ်သို့ထွက်ခွာ

ရန်ကုန် ဧပြီ ၃

အာရှဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အာရှကလပ် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စု (F) ပွဲစဉ်အဖြစ် ဗီယက်နမ်နိုင်ငံမှ Hong Ahn Gia Lia ကလပ်အသင်းနှင့် ထိုင်းနိုင်ငံမှ Krung Thai Bank ကလပ်အသင်းတို့ ဗီယက်နမ်နိုင်ငံ ပလေကူးပြည်နယ်၌ ဧပြီ ၆ ရက်တွင် ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်ကို တာဝန်ယူဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ မြန်မာဒိုင်လူကြီးလေးဦးပါဝင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။

အဆိုပါ မြန်မာဒိုင်လူကြီး အဖွဲ့တွင် ကွင်းလယ်ဒိုင်အဖြစ် ဦးထွန်းထွန်း (ပြည်ထဲရေး)၊ လက်ထောက်ဒိုင်(၁)အဖြစ် ဦးတင်ထွန်း(ကပစ)၊ လက်ထောက်ဒိုင်(၂)အဖြစ် ဦးမျိုးဝင်း (တပ်မတော်-ရေ)နှင့် မှတ်တမ်းဒိုင်အဖြစ် ဦးဝင်းချို(တပ်မတော်-ရေ)တို့ ပါဝင်ကြသည်။ **(အောက်ပုံ)**

(မြန်မာ့အလင်း)

အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်တွင် မန်ချက်စတာယူနိုက်တက်အသင်းက အာဆင်နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ရာ မန်ချက်စတာယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပေါလ်စခိုးက ဤသို့ သွင်းယူလိုက်သည်။

(အင်တာနက်)

အက်ဖ်အေဖလားပွဲ မန်ချက်စတာယူနိုက်တက်ဗိုလ်လုပွဲတက်

ရန်ကုန် ဧပြီ ၃

အင်္ဂလန်အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲက အာဆင်နယ်အသင်းနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့ အက်စတွန်ဗီလာအသင်း၏ ဗီလာပက်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ မန်ချက်စတာ ယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

မန်ချက်စတာယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်း ၃၂ မိနစ်တွင် ရိုင်ယန်ဂစ် ထိုးပေးသော ဘောလုံးကို ပေါလ်စခိုးက ပိတ်သွင်းယူလိုက်သည်။

အာဆင်နယ်အသင်း၏ အထူးအားထားရသော တိုက်စစ်မှူး အွန်နရီကို ပထမပိုင်း၌ ပွဲမထုတ်ဘဲ ဒုတိယပိုင်းရောက်မှသာ ရေဘာတိပီးရက်စ်နှင့် လူစားလဲထည့်သုံးသွားသည်။ မန်ယူအသင်းတွင် တိုက်စစ်မှူး နစ္စတယ်ရွိုင်း ပါဝင်ကစားခြင်း မရှိချေ။ မန်ယူဂိုးသမား တင်မ်ဟောင်းဝပ်မပါဝင်ဘဲ အရန်ဂိုးသမား ရွိုင်းကာရိုးလ် ဖမ်းပြီး သေချာပေါက်ဂိုးများ ကာကွယ်ပေးနိုင်ခဲ့သည်။

အာဆင်နယ်အသင်းနှင့် မန်ချက်စတာ ယူနိုက်တက်အသင်းတို့သည် ပရီမီယာရှစ်ပွဲစဉ်(၃၀) ၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဂိုးစီ သရေကျခဲ့သည်။

မန်ချက်စတာယူနိုက်တက် အသင်းသည် နောက်ဆုံးဗိုလ်လုပွဲအဖြစ် ဆန်းဒါးလန်းနှင့် မီဝေါလ်တို့၏ ဧပြီ ၄ ရက် ယှဉ်ပြိုင်ကစားမည့် အကြိုဗိုလ်လုပွဲမှ အနိုင်ရအသင်းနှင့် ယှဉ်ပြိုင်ကစား ရမည်ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ယနေ့ပွဲ အနိုင်ရခဲ့၍ အက်ဖ်အေဖလား ဆွတ်ခူးရရှိရန် အလားအလာကောင်းသွားပြီဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

ရန်ကုန် ဧပြီ ၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာနိုင်ငံတွင် လေ့လာရန်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ်သတင်းစာအယ်ဒီတာအဖွဲ့ အဖွဲ့ဝင် မစ္စတာလျိုကျုန်းမိန်ခေါင်းဆောင်၍ အဖွဲ့ဝင် ခြောက်ဦးပါဝင်သော တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးရုံးဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးတို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအပြန်အလှန် နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးပွားလာစေရေး၊ သတင်း ဖလှယ်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာနိုင်ငံတွင် လေ့လာရန် ရောက်ရှိနေသည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ လယ်သမားနေ့စဉ် သတင်းစာအယ်ဒီတာအဖွဲ့ အဖွဲ့ဝင် မစ္စတာလျိုကျုန်းမိန်နှင့်အဖွဲ့ တွေ့ဆုံစဉ်။

(သတင်းစဉ်)

နယ်စပ်ဒေသယဉ်ကျေးမှုအဖွဲ့ဝင်များ လေ့လာရေးခရီးစတင်

ရန်ကုန် ဧပြီ ၃

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဖိတ်ကြားချက်အရ မြန်မာ့ရိုးရာ ယဉ်ကျေးမှုသကြင်္န်ပွဲတော်၌ ပါဝင်ဆင်နွှဲကြမည့် နယ်စပ်ဒေသ အသီးသီးမှ တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ဧပြီ ၁ ရက်မှစတင်၍ ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ တာဝန်ရှိသူများက နေရာအလိုက်ကြိုဆိုကြသည်။

တိုင်းရင်းသား တိုင်းရင်းသူ ယဉ်ကျေးမှုအဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးဉာဏ်လင်းမြင့် လိုက်ပါလျက် ရွှေတိဂုံစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက လိုက်လံ ရှင်းလင်းပြသသည်။ ဆက်လက်၍ မဟာဝိဇယစေတီတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာဆီယံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား မန္တလေး၌ကျင်းပ ပြန်ကြားရေးဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်းအမှာစကားပြောကြား

ရန်ကုန် ဧပြီ ၃

ASEAN Information Seminar Series (Fy 2003 -2004) Understanding ASEAN ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲတွင် မန္တလေးမြို့ Mandalay Swan Hotel၌ကျင်းပရာ ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်အမှာစကားပြောကြားသည်။

အဖွင့်အမှာစကား

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(စီမံ) ဦးဖုန်းမြင့်က အခမ်းအနား အစီအစဉ်များကို ဖတ်ကြားပြီး အခမ်းအနားစတင် ဖွင့်လှစ်ကြောင်း ကြေညာသည်။ ထို့နောက် ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အဖွင့်အမှာ စကားပြောကြားသည်။

ဆက်လက်၍ နံနက် ၉ နာရီခွဲတွင် ဆွေးနွေးပွဲ ပထမပိုင်း အစီအစဉ်ကို ကျင်းပရာ သဘာပတိအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးကဆောင်ရွက်ပြီး အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက Overview on ASEAN နှင့်ပတ်သက်၍ လည်းကောင်း၊ အာဆီယံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင့်ဆွေက Political and Security Cooperation အကြောင်းအရာနှင့် ပတ်သက်၍လည်းကောင်း၊ ရန်ကုန် တက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးဌာန ပါမောက္ခ ဒေါက်တာ ဒေါ်မြင့်ကြည်က ASEAN Functional Cooperation အကြောင်းအရာနှင့် ပတ်သက်၍ လည်းကောင်း အသီးသီး ဆွေးနွေးကြပြီး ဆွေးနွေးပွဲနံနက်ပိုင်း အစီအစဉ်ကို ခေတ္တရပ်နားသည်။

ပါဝင်ဆွေးနွေး

ဆက်လက်၍ မွန်းလွဲ ၁နာရီခွဲတွင် ဆွေးနွေးပွဲ ဒုတိယပိုင်းအစီအစဉ်ကိုကျင်းပရာသဘာပတိအဖြစ်အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားကဆောင်ရွက်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ASEAN COCI and Information Sector အကြောင်းအရာနှင့် ပတ်သက်၍လည်းကောင်း၊ ယဉ်ကျေးမှု ဗိမာန်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နန္ဒာမွန်းက Culture Sector အကြောင်းအရာနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ မူးယစ်ဗဟိုနှင့် မူးယစ်ဆေးဝါး ပပျောက်ရေးဌာန ဌာနမှူး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး ရဲမှူးကြီးခမ်းအောင်က Narcotic Drugs Control and Transnational Crimesအကြောင်းအရာနှင့်ပတ်သက်၍ လည်းကောင်း အသီးသီးပါဝင်ဆွေးနွေးကြသည်။

ယင်းနောက် ASEAN Information Seminar Series (Fy 2003-2004) စီမံကိန်းအတွက် Understanding ASEAN ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည့် မေးခွန်းများကို တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကာ သဘာပတိ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဘွားက နိဂုံးချုပ်အမှာစကား ပြောကြား၍ အခမ်းအနားကို ညနေ ၅ နာရီခွဲ တွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်သတင်းစာအဖွဲ့ ရန်ကုန်မြို့တွင်လေ့လာ

ရန်ကုန် ဧပြီ ၃

ရန်ကုန်မြို့တွင် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ် သတင်းစာ အယ်ဒီတာအဖွဲ့ အဖွဲ့ဝင် မစ္စတာ လျိုကျုန်းမိန်ခေါင်းဆောင်သည့် တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် ညွှန်ကြားရေးမှူးများက မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရိုက်ကူးထုတ်လွှင့်မှုလုပ်ငန်းများ အကြောင်းသိကောင်းစရာများကို ပြောကြားကြပြီး လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် တရုတ်သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမျိုးသားပြတိုက်နှင့်မြန်မာ့ကျောက်မျက်ရတနာပြတိုက်တို့သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

(သတင်းစဉ်)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလ ဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

ဥသြသံနှင့်သကြင်္န်အတွေး

- ဥသြတွန်သံ၊ ကြားရပြန်ပြီ
  သကြင်္န်ရောက်တော့မှာပါတကား။
- သကြင်္န်ရောက်လျှင်၊တိုင်းခွင်မြန်မာ
  ပြည်ရွာအလုံး၊ပီတိဖုံးပြီး
  ပြုံးကြပျော်ကြ၊ ရှိနေကြမှာ
  မြင်ယောင်ကာဖြင့်၊ စိတ်မှာကြည့်ရွှင်
  ကြိုတင်မှန်းဆ၊ အတွေးစနောက်
  ကောက်ကောက်ပါခဲ့မိပါတကား။
- တို့မြန်မာများ၊ ဝတ်စားဆင်ယင်
  ပုံသွင်မြန်မာ၊ ယဉ်ကျေးစွာဖြင့်
  အတာရေပွဲ၊ တူပြိုင်နွှဲလျက်
  ပျော်ပွဲဆင်ကြဦးမှာပါတကား။
- တေးသွားမြိုင်မြိုင်၊တူပြိုင်ဆိုကြ
  ကသူကနှင့်၊ မြန်မာ့ပုံစံ
  ယဉ်ကျေးဟန်ကို
  အမှန်ပြကြဦးမှာပါတကား။
- မြန်မာအက၊ စည်းချက်ကျဖြင့်
  မြူးကြွပုံစံ၊ ကနည်းဟန်ကို
  အမှန်မြင်ရဦးမှာပါတကား။
- ဥသြပျို၏၊ခွန်းချိုတွန်သံ
  ကြားပြန်ခဏ၊ အတွေးစ၏
  လှပသကြင်္န်၊ မြန်မာဆန်သည့်
  ဟန်ပန်မူရာ၊ ချစ်စရာကို
  မကြာမတင်၊ ကိုယ်တိုင်မြင်၍
  ပျော်ရွှင်ရတော့မှာပါတကား။ ။

ပျံ့လွှား

မတ် ၂၂ရက်က ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီနှင့် မြင့်ထွန်းအထွေထွေရောင်းဝယ်ရေးကုမ္ပဏီလီမိတက်တို့ ပူးပေါင်းကျင်းပသော အခြေခံပညာအဆင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ကာတွန်း၊ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဒဂုံမြို့သစ်(မြောက်ပိုင်း) သီရိမြိုင်ယာဉ်မောင်းသင်တန်းကျောင်း၌ ကျင်းပရာ မူလတန်းအဆင့် ကာတွန်းပြိုင်ပွဲ အထူးဆုနှင့် ပန်းချီပြိုင်ပွဲ တတိယဆုရ မအေးမြတ်သူအား တာဝန်ရှိသူက ဆုချီးမြှင့်စဉ်။
(က-ပ)

၁၉၇၈ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဘူမိဗေဒ ကျောင်းသားဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၂၈ရက်က M3 Food Centreတွင်ကျင်းပရာ ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဝင် ဦးအေးကိုကိုက ၂၀၀၃ခုနှစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲငါးဘာသာဂုဏ်ထူးရှင် မမေဦးခင်အား ဆုချီးမြှင့်စဉ်။ (က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❀ ရှေ့ဖုံးမှ

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

တိုးတက်မှုတင်ပြ

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကိုကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် UMCCI အသင်းကြီးကို UMFCCI အသင်းချုပ်အဖြစ် အဆင့်မြင့်ဖွဲ့စည်းခဲ့သည့် ၁၉၉၉ ခုနှစ် ဧပြီ ၁ ရက်နေ့ကစ၍ ယနေ့အထိ ဆောင်ရွက်ချက် တိုးတက်မှုအချို့ကို တင်ပြလိုကြောင်း။

အသင်းချုပ်၏ အသင်းသားဦးရေသည် အသင်းချုပ်အဖြစ်စတင်ဖွဲ့စည်းစဉ်က ၆၈၄၁ ဦးသာရှိခဲ့သော်လည်း ယနေ့တွင် ၁၂၅၅၃ ဦးရှိလာပြီဖြစ်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၈၃ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

စဉ်ဆက်မပြတ်ကျင်းပ

ဤကာလအတွင်းတွင် ပြည်ပ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုန်သည်အသင်းများ၊ သံတမန်များနှင့်စီးပွားရေးလုပ်ငန်းရှင်များ စုစုပေါင်း ၃၁၆၁ ဦးလာရောက်ခဲ့သည်ကို လက်ခံတွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံရေးကိစ္စ၊ နှစ်နိုင်ငံကုန်သွယ်မှုတိုးတက်ရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း၊ မိမိတို့နိုင်ငံကိုလာရောက်ကြသည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် UMFCCIတို့ ပူးပေါင်းပြီး Investment Opportunities Seminary များ၊ Business Meeting များ၊ Business Matching များကိုလည်း စဉ်ဆက်မပြတ်ကျင်းပပေးနိုင်ခဲ့ကြောင်း။

အလားတူ မြန်မာ့ထွက်ကုန် ပစ္စည်းများအတွက် ဈေးကွက်သစ်များရှာဖွေနိုင်ရေး၊ ပြည်ပပို့ကုန်တိုးချဲ့နိုင်ရေးနှင့်ပညာဗဟုသုတ၊ အကြား၊ အမြင်တိုးတက်စေရန်အတွက် ပြည်ပတွင်ကျင်းပသည့် အစည်းအဝေးများ၊ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ လေ့လာရေးခရီးများနှင့် ကုန်စည်ပြပွဲများကို နှစ်စဉ်စေလွှတ်ပေးခဲ့ကြောင်း။

ပြည်ပပြပွဲစေလွှတ်ခဲ့

ထို့ကြောင့် UMFCCIအဖြစ် Up-Grade လုပ်ပြီးကာလအတွင်းတွင် ပြည်ပပြပွဲ ၄၁ ခုကို လုပ်ငန်းရှင်ပေါင်း ၁၃၂၂ ဦး စေလွှတ်တက်ရောက်နိုင်ခဲ့သကဲ့သို့ ကိစ္စရပ်ပေါင်း ၂၅၈ မျိုးအတွက် အသင်းသားစီးပွားရေးလုပ်ငန်းရှင်ပေါင်း ၂၁၁၀ ဦးကို စေလွှတ်နိုင်ခဲ့ကြောင်း။

အသင်းသားများနှင့်စီးပွားရေး လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းဆိုင်ရာ ပညာဗဟုသုတတိုးပွားပြီး Human Resource Development ရရှိရန်အတွက် UMFCCI Level 1,2,3 သင်တန်းပေါင်း ၂၅ ကြိမ်၊ International Trade Course အမျိုးအစားသုံးမျိုးတွင် သင်တန်း ငါးကြိမ်၊ Business Computing သင်တန်း သုံးကြိမ်၊ Introduction to Internet သင်တန်းကိုးကြိမ်၊ Utilization of Internet for Business သင်တန်းတစ်ကြိမ်နှင့် Myanmar Rice Marketing Course Program သုံးခုတွင် သင်တန်း ငါးကြိမ်ဖွင့်လှစ်နိုင်ခဲ့ကြောင်း။

ထို့အပြင် WTO Valuation Agreement Workshop for Private Sector သင်တန်းလေးကြိမ်၊ Entrepreneurship Development for Women in Myanmar သင်တန်းတစ်ကြိမ်နှင့် Export Market Promotion သင်တန်း တစ်ကြိမ်တို့ကို ဖွင့်လှစ်ပေးခဲ့ကြောင်း။

အထူးသဖြင့် မိမိတို့သင်တန်းချုပ်၏ UMFCCI Training Centre ကို ဂျပန်နိုင်ငံ Ministry of Economic Trade and Industry (METI) နှင့် Japan Overseas Development Corporation (JODC) တို့က အဆင့်မြင့်ပညာရပ်များသင်ကြားပို့ချနိုင်သည့် Centre of Excellence (COE) အဖြစ် ရွေးချယ်အသိအမှတ်ပြုပြီး ပြည်တွင်းပညာရှင်များ၊ ပြည်ပမှ JODC Expert များက အဆင့်မြင့်သင်တန်းများ လာရောက်ပို့ချခဲ့ကြောင်း။

ညှိနှိုင်းဖျန်ဖြေပေး

ထို့အတူ ကုန်သည်အချင်းချင်းဖြစ်ပွားကြသည့် ကုန်သွယ်မှုဆိုင်ရာအငြင်းပွားမှုများကို အသင်းချုပ်၏ ကုန်သွယ်မှုဥပဒေနှင့်အငြင်းပွားမှုဆိုင်ရာဖြေရှင်းရေးကော်မတီ(Arbitration) က စေတနာ့ဝန်ထမ်းအနေဖြင့် အမှုများလက်ခံပြီး ညှိနှိုင်းဖျန်ဖြေပေးနေကြောင်း။

အသင်းချုပ်၏ အဆောက်အအုံအသစ်ကို နိုင်ငံတကာအဆင့်မီ ၁၂ထပ် အဆောက်အအုံဆောက်လုပ်နေရာတွင် ယခု ကိုးထပ်အထိ အကြမ်းထည် ဆောက်လုပ်ထားပြီးဖြစ်ကြောင်း၊ အောက်ခြေလေးထပ်ကို ၂၀၀၄ ခုနှစ်အတွင်း ပြီးစီးအောင် ဆောက်လုပ်သွားမည်ဖြစ်ကြောင်း။

လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူ

မိမိတို့ကုန်သည်၊ စက်မှုအသင်းချုပ်၏ ရည်ရွယ်ချက်များထဲက နိုင်ငံတော်နှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ပေါင်းကူးသဖွယ် တက်ကြွစွာဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များအား နိုင်ငံတော်၏စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာမူဝါဒများ၊ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးကြရန်နှင့် အကျင့်သိက္ခာထိန်းသိမ်းကြရန် ကြိုးကြပ်ပေးနေသည့်အပြင် စီးပွားရေးနှင့်ကုန်သွယ်ရေးအခြေအနေများကို လေ့လာသုံးသပ်ပြီး ပိုမိုကောင်းမွန်အဆင်ပြေစေမည့် အကြံပြုချက်များကိုလည်း သက်ဆိုင်ရာသို့ အကြံပြုတင်ပြနေပါကြောင်းနှင့် ယနေ့ကျင်းပသည့် နှစ်ပတ်လည်အစည်းအဝေးတွင် လမ်းညွှန်မိန့်ကြားမည့် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်သြဝါဒများကို လုပ်ငန်းလမ်းညွှန်အဖြစ် ဆက်လက်ခံယူပြီး လိုက်နာကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ဟန်ချက်ညီကြိုးပမ်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရ အနေဖြင့် ပုဂ္ဂလိကကဏ္ဍ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများ အောင်မြင်တိုးတက်ဖြစ်ထွန်းစေရန် အဘက်ဘက်က အားပေးဆောင်ရွက်နေသည့် ယနေ့အချိန်အခါတွင် ပုဂ္ဂလိက တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသည်သာမက ဤတိုင်းရင်းသား စီးပွားရေးလုပ်ငန်းများအားလုံးအနေဖြင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီး၏ အလံတော်အောက်တွင် စုစည်းခိုင်မာသည့် အမျိုးသားစီးပွားရေး အင်အားစုကြီးအဖြစ် အခိုင်အမာဖြစ်ထွန်းနေခြင်းသည် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့ ဟန်ချက်ညီ ကြိုးပမ်းနိုင်မှု၏ ရလဒ်ကောင်းပင် ဖြစ်ကြောင်း။

အမျိုးသားစီးပွားရေးဘဝ၏ ပင်မအခြေခံများဖြစ်သည့် ဘဏ္ဍာရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ကုန်ထုတ်လုပ်ရေး၊ ဝန်ဆောင်မှုနှင့် စီးပွားရေးစီမံခန့်ခွဲမှု စသည့် နယ်ပယ်ကဏ္ဍအထွေထွေက ပုဂ္ဂလိကတိုင်းရင်းသားစီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးအဖွဲ့အစည်းများအားလုံးကို မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးအနေဖြင့် တစည်းတလုံးတည်း၊ တစ်စိတ်တစ်ဝမ်းတည်းဖြစ်အောင် စည်းရုံးဦးဆောင်ပြီး အသင်းချုပ်ကြီး၏ မွန်မြတ်မြင့်မားသည့် ရည်မှန်းချက်လုပ်ငန်းတာဝန်များ အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်နိုင်ခြင်းကို ကြိုဆိုဂုဏ်ပြုရမည် ဖြစ်ကြောင်း။

အထောက်အကူပြုမည်

အမျိုးသားစီးပွားရေးဘဝ၏နယ်ပယ်ကဏ္ဍစုံက ပုဂ္ဂလိကတိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ ယခုကဲ့သို့ စုံစုံညီညီဆုံစည်းခိုက်တွင် နိုင်ငံတော်အစိုးရ၏ စီးပွားရေးဆိုင်ရာ မူဝါဒသဘောထားခံယူချက်များနှင့် အမျိုးသားစီးပွားရေးဘဝတိုးပွားခိုင်မာစေရေး ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားရခြင်းအားဖြင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများတွင် များစွာ အထောက်အကူပြုလာလိမ့်မည်ဟု ယုံကြည် မျှော်လင့်မိကြောင်း ပြောကြားလိုကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ မိမိလူမျိုးတို့ မှန်ကန်သော အားထုတ်ကြိုးပမ်းမှုဖြင့် တိုးတက်ကြီးပွားစေရေး၊ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ်နှင့် နိုင်ငံတကာ့အလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ရင်ပေါင်တန်းရပ်တည်နိုင်စေရေးတို့အတွက် ရည်မှန်းပြီး တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်အားထုတ်မှု စွမ်းပကားကို အားပြုပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

လွန်စွာအရေးကြီး

ဤရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်စေရေးတွင် မိမိနိုင်ငံသူနိုင်ငံသားပြည်သူများ၏ စည်းလုံးညီညွတ်မှု၊ မိမိတို့၏ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများကို အခြေခံသည့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစွာဖြစ်ထွန်းနေမှု၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို မျက်မှောက်ခေတ်မှသည် အနာဂတ်ကာလတိုင် ထိန်းသိမ်းသယ်ဆောင်မြှင့်တင်သွားနိုင်မည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်နေမှုတို့အပါအဝင် အမျိုးသားရေးစွမ်းအားများကို ဘက်စုံကဏ္ဍစုံတွင် အခိုင်အမာ တည်ဆောက်ထားနိုင်ရေးသည် လွန်စွာမှအရေးကြီးလှကြောင်း။

အထူးသဖြင့် ယနေ့အချိန်အခါလို ဓနအင်အားနှင့် နည်းပညာ စွမ်းအားတွင် အသာစီးရရှိနေသည့် နိုင်ငံကြီးအချို့ကနေ ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ဩဇာလွှမ်းမိုး ခြယ်လှယ်နိုင်ရေးအတွက် ခွဲခြားဆက်ဆံမှုအမျိုးမျိုးပြုလုပ်ပြီး ကမ္ဘာ့နိုင်ငံများအကြား တည်ရှိပြီးဖြစ်သည့် ဆင်းရဲချမ်းသာ ကွာဟမှု၊ နည်းပညာကွာဟမှုတို့ကို ပိုမိုကျယ်ပြန့် နက်ရှိုင်းအောင် အဆိုပါ နိုင်ငံကြီးအချို့က ဖန်တီးလုပ်ဆောင်နေသည့် အခြေအနေ အချိန်အခါမျိုးတွင် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာလာရေးသည် အလွန်တရာမှ အရေးပါလှကြောင်း။

ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်

ထို့အပြင် နိုင်ငံတကာတွင် စီးပွားရေးအရ လွှမ်းမိုးခြယ်လှယ်မှုများ တိုးပွားလာနေသဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိတို့ အမျိုးသား စီးပွားရေးဘဝ တိုးတက်ခိုင်မာစေရေးအတွက် အပြိုင်အဆိုင် ကြိုးစား ဆောင်ရွက်နေကြရသကဲ့သို့ စီးပွားရေးကောင်းမွန်ပြီး ဓနအင်အားကြွယ်ဝသည့် နိုင်ငံကြီးအချို့ပင်လျှင် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို ရှေ့တန်းတင် ကာကွယ်စောင့်ရှောက်သည့် အစီအစဉ်များ၊ အထိန်းအကွပ်များကို နိုင်ငံတကာစီးပွားရေးနှင့် ကုန်သွယ်ရေးနယ်ပယ်များတွင် ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်နေကြရသည့် အခြေအနေများလည်း ကြုံတွေ့နေရပြီဖြစ်ကြောင်း။

ထို့ကြောင့် သူတစ်ပါးဩဇာ လွှမ်းမိုးခြယ်လှယ်မှု ကင်းရှင်းစွာဖြင့် ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်စေရေးအတွက် ကိုယ့်နိုင်ငံကို ကြိုးပမ်းတည်ဆောက်နေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် မိမိနိုင်ငံတော်အတွင်း ခိုင်မာသည့်စီးပွားရေး အခြေခံကောင်းများ တိုးပွားဖြစ်ထွန်းလာစေရအောင် တစ်မျိုးသားလုံးက အားကြိုးမာန်တက် ကြိုးပမ်း အားထုတ်ဆောင်ရွက်ကြရန် အထူးလိုအပ်မည်ဖြစ်ကြောင်း၊ အလားတူပင် နိုင်ငံတကာမျက်နှာစာတွင်လည်း ပြိုင်ဆိုင်မှုထက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကိုလိုလားသည့် မိတ်ဆွေနိုင်ငံများအချင်းချင်း နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန် ကြိုးပမ်းဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိနေရကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ နိုင်ငံသားပြည်သူများ၏ ပုဂ္ဂလိကစီးပွားရေးကဏ္ဍအောင်မြင် တိုးတက်ဖြစ်ထွန်းမှုသာ အခြေခံခိုင်မာသည့် အမျိုးသားစီးပွားရေးဘဝကို တည်ဆောက်နိုင်မည်ဟု အလေးအနက်ခံယူထားသည့် အားလျော်စွာ နိုင်ငံတော်အစိုးရ စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းရင်းသားပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ယှဉ်တွဲပြီး အပြန်အလှန် အကျိုးပြုအောင်မြင်ဖြစ်ထွန်းနေစေရအောင်နှင့် အမျိုးသားစီးပွားရေးဘဝ၏ဖန်တီးနိုင်မှုစွမ်းအားကို နိုင်ငံတော်အစိုးရစီးပွားရေး အဖွဲ့အစည်းများနှင့် တိုင်းရင်းသားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ၏ လက်ဝယ်မှာခိုင်မြဲနေစေရအောင် အဘက်ဘက်က အားပေးစောင့်ရှောက်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျေနပ်ဖွယ်တွေ့မြင်ရ

ဤကဲ့သို့ နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှုများကြောင့် ယခုဆိုလျှင် တိုင်းရင်းသားပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးများ၊ ခေတ်မီ စက်မှုကုန်ထုတ်လုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီစီးပွားရေး ဗဟိုဌာနများ၊ ခေတ်မီကုန်တိုက်ကြီးများ၊ အဆင့်မြင့်အိမ်ရာစီမံကိန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများ၊ အပြည်ပြည်ဆိုင်ရာ လေယာဉ်ကွင်းများ၊ အပြည်ပြည်ဆိုင်ရာပင်လယ်ဆိပ်ခံ တံတားများ၊ လမ်းမကြီးများအပါအဝင် ပို့ဆောင်ရေးကဏ္ဍဆိုင်ရာ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးလုပ်ငန်းများ၊ ငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများ၊ စီးပွားကုန်သွယ်ရေးလုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ နိုင်ငံတကာအဆင့်မီဝန်ဆောင်မှုလုပ်ငန်းများစသည့် အောင်မြင်ဖြစ်ထွန်းနေသည့် တိုင်းရင်းသားပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများသည် နယ်ပယ်စုံကဏ္ဍစုံတွင် ဖြန့်ကြက်ဖြစ်ထွန်းနေပြီဖြစ်သည်ကို အားရကျေနပ်ဖွယ်တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယခုအခါတွင် ဤကဲ့သို့ တိုးတက်ဖြစ်ထွန်းနေသည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းများကို စည်းလုံးညီညွတ်သည့် စီးပွားရေးအင်အားစုများအဖြစ် စုစည်းပျိုးထောင်ပေးသည့်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုကုန်ထုတ်လုပ်ရေး၊ စီးပွားကုန်သွယ်ရေး၊ဆောက်လုပ်ရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေး၊ ငွေကြေးနှင့်ဘဏ္ဍာရေး စသည့် စွမ်းအားစုများအလိုက်၊ ဆိုင်ရာဆိုင်ရာ

ကဏ္ဍများအလိုက် စီးပွားရေးအသင်းအဖွဲ့များအဖြစ် ခိုင်ခိုင်မာမာ ထူထောင်ပေးထားပြီးလည်းဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ပေါ်လာသည့် စီးပွားရေးအသင်းအဖွဲ့များအားလုံးကို တစ်စုတစ်စည်းတည်းသော အမျိုးသားစီးပွားရေးစွမ်းအားစုကြီးအဖြစ် စည်းရုံးဖွဲ့စည်းထားသည့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးကိုလည်း အခိုင်အမာ တည်ထောင်ပေးခဲ့ပြီးဖြစ်သည့်အတွက် ယခုဆိုလျှင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးသည် မြန်မာနိုင်ငံတော်၏ ပုဂ္ဂလိကကဏ္ဍ စီးပွားရေးစွမ်းအားစုကြီးကို ကိုယ်စားပြုသည့် အသင်းချုပ်ကြီးအနေဖြင့် နိုင်ငံတကာ စီးပွားရေးအသင်းအဖွဲ့များနှင့် ဂုဏ်သိက္ခာရှိရှိ တန်းတူရည်တူ ဆက်သွယ်ဆက်ဆံရင်း အမျိုးသားရေးအကျိုးစီးပွားကို ထိထိရောက်ရောက် ကာကွယ်စောင့်ရှောက်ပေးနိုင်နေပြီဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံတကာ မျက်နှာစာတွင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့်သော်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ တိုးတက်ဖြစ်ထွန်းရေးအတွက် အလားအလာကောင်းများအဖြစ် ရှုမြင်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ထို့အပြင် ၂၀၀၃ ခုနှစ်က ပုဂံမြို့၌ကျင်းပခဲ့သည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းလေးနိုင်ငံ အစည်းအဝေးတွင် မိမိတို့လေးနိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက် မှုမဟာဗျူဟာတစ်ရပ်ကိုချမှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဤမဟာဗျူဟာအရ လေးနိုင်ငံအကြား နယ်စပ်ဒေသများတွင် စွမ်းဆောင်ယှဉ်ပြိုင်နိုင်မှု မြင့်တင်ရန်နှင့် ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းစေရန်၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုအခွင့်အလမ်းပိုမိုကောင်းမွန်သည့်ဒေသများသို့ ပြောင်းရွှေ့ရာတွင် ပိုမိုလွယ်ကူချောမွေ့စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်နှင့် လေးနိုင်ငံအကြား ဝင်ငွေကွာဟမှုကို လျော့နည်းစေရန်ဆိုသည့် ရည်မှန်းချက်များနှင့်အညီ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုသည့် ကဏ္ဍကြီးခုနစ်ရပ်တွင် ပူးပေါင်းဆောင်ရွက်

နိုင်ငံကြီးအချို့ မိမိအမျိုးသားရေးအကျိုးစီးပွားရှေ့တန်းတင်သည့် အစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်လာ သူတစ်ပါးသြဇာလွှမ်းမိုးမှုကင်းရှင်းစွာဖြင့် ကိုယ့်အားကိုယ်ကိုး ရပ်တည်နိုင်ရေး ကြိုးပမ်းတည်ဆောက်

အဖွဲ့အစည်းများနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့်သော်လည်းကောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးကိုလည်း ပုဂ္ဂလိကကဏ္ဍတွင် မြန်မာနိုင်ငံတော်ကို ကိုယ်စားပြုနိုင်သည့် အမျိုးသားအဆင့်အဖွဲ့အစည်းကြီးအဖြစ် နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံစေလျက်ရှိကြောင်း။

ကြိုတင်ပြင်ဆင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အာဆီယံမိသားစုဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ အာဆီယံအသင်းကြီး၏ စီးပွားရေးမျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းစေရေးအတွက် အာဆီယံမိသားစုဝင်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်လျက် ရှိသကဲ့သို့ မိမိနိုင်ငံတော်အတွင်းတွင်လည်း အာဆီယံမျှော်မှန်းချက်များနှင့်အညီ စီးပွားရေးဆိုင်ရာ ထိန်းညှိမှုများ၊ ပြုပြင်မှုများ ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း။

၁၉၉၇ ခုနှစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပခဲ့သည့် အာဆီယံအလွတ်သဘောထိပ်သီးအစည်းအဝေးတွင် ချမှတ်ခဲ့သည့် ခရစ်နှစ် ၂၀၂၀ ခုနှစ် အာဆီယံမျှော်မှန်းချက် (ASEAN Vision-2020)ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်စေရန်နှင့် ၁၉၉၈ခုနှစ် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင် ချမှတ်ခဲ့သည့် ဟနွိုင်းလုပ်ငန်းစီမံချက် (Hanoi Plan of Action)တွင် ပါဝင်သည့်အတိုင်း အာဆီယံလွတ်လပ်သော ကုန်သွယ်မှုနယ်မြေ (ASEAN Free Trade Area-AFTA)နှင့် အာဆီယံရင်းနှီးမြှုပ်နှံမှုဒေသ (ASEAN Investment Area-AIA)တို့ကို အကောင်အထည်ဖော်နိုင်စေရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အာဆီယံနိုင်ငံများအတွင်း အကောက်ခွန်နှုန်းထားလျှော့ပေါ့မှုများ၊ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းနှင့် အခွင့်အရေးဖန်တီး ပေးမှုများကို စတင်စီမံဆောင်ရွက်နေပြီလည်းဖြစ်ကြောင်း။

ထို့အပြင် ၂၀၀၃ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်း၌ကျင်းပခဲ့သည့် နဝမအကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံတွင်ချမှတ်ခဲ့သည့် အာဆီယံအသင်းကြီး၏ ရေရှည်မျှော်မှန်းချက်နှင့် လုပ်ငန်းစဉ်များဖြစ်သည့် (Bali Concord II)တွင်လည်း အာဆီယံဒေသကြီးကို လုံခြုံရေးအသိုက်အဝန်း၊ စီးပွားရေးအသိုက်အဝန်းနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုအသိုက်အဝန်းဆိုသည့် အဓိကမဏ္ဍိုင် (Pillars)ကြီးသုံးရပ်အပေါ်တွင် အခြေခံတည်ဆောက်သွားရန်လည်း သတ်မှတ်ထားပြီးဖြစ်ကြောင်း။

ဤ Pillarsကြီးသုံးရပ်အနက် ဒုတိယမဏ္ဍိုင်ဖြစ်သည့်အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community) သည် အာဆီယံနိုင်ငံများအကြား ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို လွတ်လပ်စွာ စီးဆင်းနေစေပြီး အာဆီယံဒေသကို တစ်ခုတည်းသောဈေးကွက်နှင့် တစ်ခုတည်းသော ထုတ်လုပ်မှုဒေသအဖြစ် ပေါ်ထွန်းလာစေရန် မျှော်မှန်းထားသည်ကို တွေ့နိုင်ကြောင်း။

ကြိုတင်ပြင်ဆင်

ဤအစီအမံများအရ အာဆီယံဒေသကြီးတစ်ခွင်လုံး ပါဝင်သည့် ဈေးကွက်ကြီးတွင် အကောက်ခွန်နှုန်းထားများကို ငါးရာခိုင်နှုန်းမှ သုညရာခိုင်နှုန်းအထိ လျှော့ချသွားမည်ဖြစ်သည့်အတွက် ကုန်စည်များ တစ်နိုင်ငံနှင့်တစ်နိုင်ငံ လွတ်လပ်စွာ စီးဝင်နေမည်ဖြစ်သဖြင့် မြန်မာနိုင်ငံ၏ထုတ်ကုန်များကို အရည်အသွေးအားဖြင့်ရော၊ ဈေးနှုန်းအရပါ ယှဉ်ပြိုင်နိုင်စွမ်းရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုအပ်မည်ဖြစ်ကြောင်း။

အလားတူပင် အာဆီယံနိုင်ငံများက ရင်းနှီးမြှုပ်နှံသူများကို မိမိနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့်မခြား တန်းတူအခွင့်အရေးပေးရမည်ဖြစ်သည့်အတွက် မိမိတို့တိုင်းရင်းသားရင်းနှီးမြှုပ်နှံသူ များအနေဖြင့်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်ထားရန်လည်းလိုအပ်လာမည်ဖြစ်ကြောင်း။

တစ်ဖက်မှာကြည့်လျှင်လည်း ဤကဲ့သို့တန်းတူရည်တူယှဉ်ပြိုင်မှုများသည် အခြားသော အာဆီယံနိုင်ငံများအတွင်းတွင် မိမိတို့အတွက် အခွင့်အလမ်းကောင်းများပေါ်ထွန်းလာနိုင်မည်ဖြစ်သကဲ့သို့ အကျိုးတူပူးပေါင်းမှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ စီးဆင်းဝင်ရောက်မှုများစသည် အခြေခံကောင်းများတိုးပွားလာမည်ဖြစ်သည့်အတွက် မိမိတို့၏စီးပွားရေးလုပ်ငန်းများနှင့်တကွ အမျိုးသားရေးအကျိုးစီးပွား သွားမည်ဖြစ်သဖြင့် ရည်မှန်းချက်များ လက်တွေ့အောင်မြင်ဖြစ်ထွန်းစေမည့် အစီအမံအချို့ကို စတင်စီမံဆောင်ရွက်နေပြီဖြစ်သည့်အတွက် ပုဂ္ဂလိကကဏ္ဍ၏ အခွင့်အလမ်းများ အများအပြားပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

တိုးမြှင့်ဆောင်ရွက်

ထို့မျှမက အာဆီယံ(+)၃ ခေါ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံ(+) အိန္ဒိယပူးပေါင်းဆောင်ရွက်မှုများအပြင် မြန်မာနိုင်ငံပါဝင်သည့် BIMST-EC မိသားစုဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများ၊ GMS ခေါ်သည့် Greater Mekong Subregion တွင်ပါဝင်သည့် နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ မြန်မာ၊ တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့ ပါဝင်သည့် JEQC ခေါ်သည့် Joint Economic Quadrangle Committee အတွင်း ပူးပေါင်းဆောင်ရွက်မှုများကိုလည်းနိုင်ငံတော်အနေဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနှင့်လည်း နှစ်နိုင်ငံခေါင်းဆောင်များအချင်းချင်း ချစ်ကြည်ရေးခရီးစဉ်များအပြန်အလှန်ဖြစ်ထွန်းနေပြီး နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုများလည်း တိုးတက်ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

အပြန်အလှန်ရောင်းဝယ်

ဤကဲ့သို့ နိုင်ငံတော်အပိုင်းက အမျိုးသားစီးပွားရေးဘဝတိုးတက် ခိုင်မာတောင့်တင်းရေးအတွက် မိတ်ဆွေနိုင်ငံများ၊ အိမ်နီးချင်းနှင့်ဒေသတွင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နေသဖြင့် မြန်မာ နိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးအနေဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် အောင်အောင်မြင်မြင်ပူးပေါင်းဆောင်ရွက်နိုင် သည့်အခွင့်အရေးများရရှိလာသည့် အပြင်ပုဂ္ဂလိကအဖွဲ့အစည်းအချင်းချင်း၊ ကုမ္ပဏီအချင်းချင်းဆက်သွယ်ဆက်ဆံမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန် ရောင်းဝယ်ဖောက်ကားမှုများလည်း တိုးတက်ဖြစ်ထွန်းလာနေပြီ ဖြစ်ကြောင်း။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီး၏ကိုယ်စားလှယ်များသည် ASEAN-CCI အဖွဲ့၏ ဥက္ကဋ္ဌတာဝန်နှင့် အထွေထွေအတွင်းရေးမှူးတာဝန်၊ GMS Business Forum၏ဥက္ကဋ္ဌတာဝန်တို့ကို တာဝန်ယူထားလျက်ရှိနေပြီး အပြည်ပြည်ဆိုင်ရာကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း International Chamber of Commerce တွင်လည်း ပါဝင်ပူးပေါင်း ဆောင်ရွက်မှုများဖြစ်ထွန်းနေသဖြင့် ဒေသတွင်း စီးပွားရေးကုန်သွယ်မှုလုပ်ငန်းများ ပိုမိုကျယ်ပြန့်လာသည်ကိုလည်းတွေ့ရကြောင်း။

ဤကဲ့သို့ အခြေအနေ အချိန်အခါတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးအနေဖြင့် နိုင်ငံတကာ စီးပွားရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများတွင် မိမိတို့၏အမျိုးသားရေးအကျိုးစီးပွားတိုးတက်ဖြစ်ထွန်းစေရေးနှင့် မြန်မာတိုင်းရင်းသားပုဂ္ဂလိက စီးပွားရေးလုပ်ငန်းများ အကျိုးရှိစေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်အဆင့်တွင် ရည်မှန်းဆောင်ရွက်နေသည့် အမျိုးသားစီးပွားရေးဆိုင်ရာမူဝါဒများ၊ အာဆီယံအသင်းကြီးနှင့် ဘင်းမ်စတက်အဖွဲ့ကြီးတို့ အပါအဝင် ဒေသတွင်းအဖွဲ့အစည်းများက ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာမဟာဗျူဟာရည်မှန်းချက်နှင့် လုပ်ငန်းတာဝန်များ၊ နှစ်နိုင်ငံသဘောတူညီချက်များနှင့် လိုက်လျောညီထွေတိုးတက်ဖြစ်ထွန်းမှုများ စဉ်ဆက်မပြတ်ရှိနေစေရအောင် စီမံဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အနေဖြင့် မိမိအသင်းဝင်စီးပွားရေးအဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များကို နိုင်ငံတကာ စီးပွားရေးအသိအမြင်၊ အတွေ့အကြုံများ တိုးပွားစေရန်အတွက် နိုင်ငံတကာစီးပွားရေးပညာရှင်များ၊ အဖွဲ့အစည်းများနှင့်ဆက်သွယ်ပြီး ပြည်တွင်းပြည်ပအဆင့်မြင့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပေးမှုများ၊ ပြည်တွင်းပြည်ပကုန်စည်ပြပွဲများစီစဉ်ဆောင်ရွက်ပေးနေခြင်းများသည် အလွန်ကောင်းမွန်သည့် တိုးတက်ဖြစ်ထွန်းမှုများပင်ဖြစ်ကြောင်း။

စီးပွားကူးသန်း ရှေ့သို့လှမ်း

တစ်ချိန်တည်းမှာပင် နိုင်ငံတကာ၌ တိုးတက်ဖြစ်ထွန်းနေသည့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များကို စီးပွားရေးကဏ္ဍ အသီးသီးတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရန် e-Commerce,e-Procurement,e-Government စနစ်များနှင့်လိုက်လျောညီထွေစွာ ပုဂ္ဂလိကစီးပွားရေးကဏ္ဍများတွင်လည်း တိုးတက်ဖြစ်ထွန်းစေရန်နှင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်အောင်လည်း စီမံဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

အဓိကအားဖြင့် နိုင်ငံတော်အစိုးရက မိမိနိုင်ငံသူနိုင်ငံသား တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ တိုးတက်ကြီးပွားရေးအတွက် စေတနာရှေ့ထား အားပေးစောင့်ရှောက်ပေးနေသကဲ့သို့ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ရှင်များကလည်း မိမိတို့၏စီးပွားရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှုများမှသည် နိုင်ငံတော်နှင့် ပြည်သူအများ၏အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းစေရမည်ဆိုသည့် ခံယူချက်နှင့် မိမိတို့ ပုဂ္ဂလိကကဏ္ဍက အမျိုးသားရေးအကျိုးစီးပွားကို စောင့်ရှောက်မြှင့်တင်သွားနိုင်စေရအောင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးက ဆက်လက်စည်းရုံး ဦးဆောင်သွားရန် လိုအပ်ကြောင်း ပြောကြားလိုကြောင်း။

တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၊ လုပ်ငန်းကဏ္ဍအလိုက် စုစည်းတည်ထောင်ထားသည့် စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များအားလုံးကလည်း မိမိတို့စီးပွားရေးလုပ်ငန်းများနှင့်တကွ နိုင်ငံတော်နှင့်ပြည်သူအများအတွက် ရေရှည်ခိုင်ခံ့သည့် အကျိုးစီးပွားဖြစ်ထွန်းမှုကိုရှေးရှုပြီး အမျိုးသားစီးပွားရေးဆိုင်ရာမူဝါဒများ၊ ဥပဒေနှင့်စည်းမျဉ်း စည်းကမ်းများ၊ စီးပွားကုန်သွယ်မှုဆိုင်ရာ ကျင့်ဝတ်သိက္ခာများနှင့်အညီ မှန်ကန်ပြည့်စုံသည့် စီးပွားရေးအခြေခံကောင်းများ၊ တည်ငြိမ်ခိုင်မာသော စီးပွားရေးပတ်ဝန်းကျင်ကောင်းများ အစဉ်ထာဝရ ဖြစ်ထွန်းနေစေရအောင် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီး၏ ဦးဆောင်မှုကို ခံယူပြီး စည်းလုံးညီညွတ်စွာ လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ အဖွဲ့ချုပ်ဝင် အသင်းများအားလုံး မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ချုပ်ကြီး၏ အလံတော်အောက်တွင် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ ပူးပေါင်းပါဝင်ပြီး

- **နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီးပွားရေးဘဝ မြင့်မားခိုင်မာရေးနှင့် ပြည်သူအများ၏လူနေမှုဘဝ အဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် စီးပွားကုန်သွယ်မှုကဏ္ဍက ထိထိရောက်ရောက် အထောက်အကူပြုပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး အမှီအခိုကင်းရှင်းစွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေး၊ မိမိအမျိုးသားရေးအကျိုးစီးပွားကို မိမိဘာသာ ဖန်တီး ဖော်ဆောင်နိုင်ရေးဦးတည်ပြီး အမျိုးသားစီးပွားရေးဘဝ တိုးတက်မြင့်မားခိုင်မာစေရအောင် တက်ညီလက်ညီ ကြိုးပမ်းစွမ်းဆောင်သွားကြပါ၊**
- **တည်ငြိမ်ခိုင်မာသည့် စီးပွားရေးပတ်ဝန်းကျင်ဖြစ်ထွန်းရေးအတွက် နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်းလာအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **မိမိ၏အကျိုးစီးပွား၊ နိုင်ငံတော်၏အကျိုးစီးပွား၊ ပြည်သူများ၏အကျိုးစီးပွား တစ်ဆက်တစ်စပ်တည်း ဖြစ်ထွန်းလာရေးအတွက် မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းပြီးရေရှည်တိုးတက် ဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **မကြာမီကာလတွင် ပြန်လည်ကျင်းပတော့မည့် အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင်ကျင်းပနိုင်ရေးအတွက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးနှင့် အသင်းချုပ်ကြီး၏ အလံတော်အောက်မှာရှိကြသည့် အသင်းအသီးသီးတို့က မိမိတို့ ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်ကြပါ**

ဟု တိုက်တွန်းမှာကြားပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမျိုးသားဇာတ်ရုံဝင်းအတွင်း ခင်းကျင်းပြသထားသော သာကေတစက်မှုဇုန်မော်တော်ယာဉ်ထုတ်လုပ်ရေးကော်မတီက ထုတ်လုပ်ပြသထားသည့် Light Truck ကားများ၊ လှိုင်သာယာစက်မှုဇုန်မှ ထုတ်လုပ်ပြသထားသည့် Fibre Glassဖြင့်ပြုလုပ်သော ပုံစံမျိုးစုံကားပစ္စည်း အစိတ်အပိုင်းများ၊ ဘော်ဒီပိုင်းနှင့် ဖရိန်ပိုင်းဆိုင်ရာအစိတ်အပိုင်းများ၊ ရွှေသာယာ Wagon ကားများနှင့် ဒဂုံဆိပ်ကမ်းစက်မှုဇုန်မှ ထုတ်လုပ်ပြသထားသည့် ဒဂုံဒရက်ဂွန် SSS Super Carrier ကားများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့အတူ အခမ်းအနားမစတင်မီကလည်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အမျိုးသားဇာတ်ရုံအဝင်ခန်းမ၌ ခင်းကျင်းပြသထားသောပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အသင်းဝင်လုပ်ငန်းရှင်များ တီထွင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် တိုင်းရင်းဆေးဝါးများ၊ မီးချောင်းနှင့်မီးလုံးများ၊ အဝတ်အထည်များ၊ ကိုယ်လိမ်းပေါင်ဒါနှင့် ခေါင်းလျှော်ရည်၊ ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် ကုန်ကြမ်းပစ္စည်းများနှင့် ကုန်ချောပစ္စည်းများ၊ လွယ်အိတ်များ၊ ရိုးရာဝတ်စုံများ၊ ရေခဲသေတ္တာ၊ ကျောင်းသုံးဗလာစာအုပ်၊ စက်ဘီးတာယာနှင့်ကျွတ်၊ စားသောက်ကုန်ပစ္စည်းများ၊ အဆောက်အအုံနှင့် ကွန်ပျူတာများတွင် တပ်ဆင်အသုံးပြုရမည့် လုံခြုံရေးစနစ်သုံးပစ္စည်းကိရိယာများ၊ မီးအားမြှင့်စက်နှင့် အင်တင်နာများ၊ မြေပဲဆီအမျိုးမျိုး၊ ရွှေငွေကြေးတို့ဖြင့် ပြုလုပ်ထားသည့် မြန်မာ့ရိုးရာ အနုပညာလက်မှုပစ္စည်းများနှင့် အိမ်သုတ်ဆေးတို့ကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယကအဖွဲ့ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံက အမှာစကားပြောကြားသည်။

ဖတ်ကြားတင်သွင်း

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် တင်သွင်းသည့် အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို အသင်းချုပ်အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ဖတ်ကြားတင်သွင်းပြီး အသင်းဝင်များ၏ သဘောတူညီမှု ရယူကာ အတည်ပြုသည်။

ဆက်လက်၍ အသင်းချုပ်အသင်းဝင်များက ကြိုတင်ပေးပို့ထားသော မေးမြန်းချက်နှင့် အကြံပြုချက်များကို အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပေါက်တော တောရစာသင်တိုက် ခုနစ်ရက်တရားစခန်း

ရန်ကုန် ဧပြီ ၃

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာ တောရ စာသင်တိုက်တွင် တန်ခူးလပြည့်ကျော် ၇ရက် (ဧပြီ ၄ရက်)မှ တန်ခူးလပြည့်ကျော် ၁၃ရက် (ဧပြီ၁၇ရက်)အထိပေါက်တော တောရစာသင်တိုက် ဆရာတော် ဦးသောဘဏက မဟာသတိပဋ္ဌာန် ဝိပဿနာကျင့်စဉ် အလုပ်ပေးတရားများကို ဟောကြားမည်ဖြစ်ရာ တရားအားထုတ်လိုသူ ယောဂီများ တန်ခူးလပြည့်ကျော်၇ရက်အရောက်လာရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

သားငါးဖွံ့ဖြိုး ပြည်အကျိုး

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

စုပေါင်းကာကွယ် လမ်းအန္တရာယ်၊ ထိခိုက်မှုမှ ကင်းစေမယ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကို ၁၉၄၆ ခုနှစ်၊ ဧပြီလ ၇ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး၊ ယင်းနေ့ အထိမ်းအမှတ်အဖြစ် ကမ္ဘာ့ကျန်းမာရေးနေ့ အခမ်းအနားနှင့် လှုပ်ရှားမှုများကို အဖွဲ့ဝင်နိုင်ငံများတွင် နှစ်စဉ်ကျင်းပပြုလုပ်ခဲ့သည်။ ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပွားလျက်ရှိသော ကျန်းမာရေးပြဿနာများမှ အဓိကကျသည့် ပြဿနာရပ်ကို ရွေးချယ်၍ ဆောင်ပုဒ်များသတ်မှတ်ပြီး ပညာပေးလှုံ့ဆော်မှုများ၊ တားဆီးကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် လုပ်ဆောင်ခဲ့ကြသည်။

ယခင် ဆယ်စုနှစ်ပေါင်းများစွာက ကမ္ဘာပေါ်တွင် ကူးစက်ရောဂါများ ဖြစ်ပွားခဲ့ကြသည်။ ကျောက်ရောဂါ၊ ပလိပ်ရောဂါ၊ ကာလဝမ်းရောဂါတို့သည် ကမ္ဘာပေါ်ရှိ လူသားများအတွက် အဓိကရန်သူ ကပ်ရောဂါကြီးများ ဖြစ်ခဲ့ကြသည်။ ထို့အပြင် တီဘီရောဂါ၊ အနာကြီးရောဂါ၊ ငှက်ဖျားရောဂါတို့သည်လည်း ကမ္ဘာပေါ်တွင် သက်တမ်းရှည်ကြာစွာ လူတို့အား အန္တရာယ်ပြုနေသော ကူးစက်ရောဂါများဖြစ်ကြသည်။ ဆေးသိပ္ပံပညာ ဖွံ့ဖြိုးလာသောအခါ အစွမ်းထက်သည့် ကာကွယ်ဆေးများ၊ ကုသရန်ဆေးဝါးများ ပေါ်ပေါက်ခဲ့ပြီး ကူးစက်ရောဂါများ ဖြစ်ပွားမှုများ လျော့နည်းကျဆင်းလာခဲ့ပြီး လူသားများအတွက် ကူးစက်ရောဂါ ဝန်ထုပ်ဝန်ပိုးတို့ အထိုက်အလျောက် လျော့နည်းလာခဲ့သည်။ အချို့ရောဂါ များမှာ ကျန်းမာရေးပြဿနာအဖြစ် ကျန်ရှိနေသေးဆဲဖြစ်သည်။ အေအိုင်ဒီအက်စ်ရောဂါ၊ အီဘိုလာရောဂါနှင့် ဆား(စ်)ရောဂါတို့သည် အသစ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါများဖြစ်သည်။ ထိုကဲ့သို့ကူးစက်ရောဂါ အဟောင်းအချို့၏ ဝန်ထုပ်ဝန်ပိုးလျော့ကျပြီး၊ ကူးစက်ရောဂါသစ်များ ဖြစ်ပေါ်လျက်ရှိနေချိန် ကမ္ဘာပေါ်ရှိလူသားများအတွင်း ကူးစက်ရောဂါ မဟုတ်သည့် ကျန်းမာရေးပြဿနာများ တိုး၍ဖြစ်ပွားလာပြီး လူကြီးလူငယ်တို့၏ အသက်အန္တရာယ်ကို ဖြစ်ပေါ်စေသည့်အပြင် ကိုယ်လက်အင်္ဂါ မသန်စွမ်းသည့် ဒုက္ခိတဘဝသို့ ရောက်ရှိနေရသည်များ ဖြစ်ပေါ်လျက်ရှိသည်။ ကူးစက်ရောဂါ မဟုတ်သည့် ကျန်းမာရေးပြဿနာများဖြစ်သည့် နှလုံးသွေးကြောကျဉ်းရောဂါ၊ စိတ်ဓာတ်ကျဆင်းမှု ရောဂါ၊ ယာဉ်တိုက်ခိုက်မှုအန္တရာယ်၊ လေဖြတ်လေငန်း ရောဂါတို့သည် သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်တွင် အဓိကကျန်းမာရေးပြဿနာများ ဖြစ်လာကြတော့မည် ဖြစ်သည်ဟု ပညာရှင်များက တွက်ဆဖော်ပြထားသည်။ ထို့ကြောင့် ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့အတွက် "°Road Safety is No Accident" **"စုပေါင်းကာကွယ် လမ်းအန္တရာယ်၊ ထိခိုက်မှုမှ ကင်းစေမယ်"** ဟူသော ဆောင်ပုဒ်ကို ရွေးချယ်သတ်မှတ်ခဲ့သည်။

ကမ္ဘာ့လူသားများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည့် အဓိကကျန်းမာရေးပြဿနာများ

၁၉၉၀		၂၀၂၀	
ကျန်းမာရေးပြဿနာများ		ကျန်းမာရေးပြဿနာများ	
၁။	အသက်ရှူလမ်းကြောင်း အောက်ပိုင်း ပိုးဝင်ခြင်း	၁။	နှလုံးသွေးကြောကျဉ်းရောဂါ
၂။	ဝမ်းပျက်ဝမ်းလျှောရောဂါ	၂။	စိတ်ဓာတ်ကျဆင်းမှုရောဂါ
၃။	မီးတွင်းတွင်ဖြစ်ပွားသော ပြဿနာများ	၃။	ယာဉ်ထိခိုက်မှု
၄။	စိတ်ဓာတ်ကျဆင်းမှုရောဂါ	၄။	လေဖြတ်လေငန်းရောဂါ
၅။	နှလုံးသွေးကြောကျဉ်း ရောဂါ	၅။	နာတာရှည်အဆုတ်လေပြွန် ပိတ်ဆို့မှုရောဂါ
၆။	လေဖြတ်လေငန်း ရောဂါ	၆။	အသက်ရှူလမ်းကြောင်း အောက်ပိုင်း ပိုးဝင်ခြင်း
၇။	တီဘီရောဂါ	၇။	တီဘီရောဂါ
၈။	ဝက်သက်ရောဂါ	၈။	စစ်ဖြစ်ခြင်း
၉။	ယာဉ်ထိခိုက်မှု	၉။	ဝမ်းပျက်ဝမ်းလျှောရောဂါ
၁၀။	မွေးရာပါချို့ယွင်းမှုများ	၁၀။	အိပ်ချ်အိုင်ဗွီပိုးကူးစက်ခြင်း

ကမ္ဘာတစ်ဝန်းလုံးတွင် နေ့စဉ် လူ ၁၄၀၀၀၀ခန့်မှာ ယာဉ်ထိခိုက်မှုများကြောင့် ဒဏ်ရာရရှိကြလျက်ရှိပြီး ၃၀၀၀ကျော်သေဆုံးကာ တစ်သောင်းခွဲခန့်မှာ ဒုက္ခိတဘဝသို့ ရောက်လျက်ရှိကြသည်။ ယာဉ်ထိခိုက်မှုနှုန်းထားမှာ နှစ်စဉ် မြင့်တက်လျက် ရှိသည်။

မော်တော်ယာဉ်များ၏ခရီးတွင်မှုကို လူတို့သိရှိပြီး မော်တော်ယာဉ်များကို ယခင်က ဓိမ်ခံပစ္စည်းသဖွယ်ရှိခဲ့ရာမှ ယခုအခါ လူအများစုအတွက် လိုအပ်ချက်များ ဖြစ်လာလျက်ရှိသည်။ စီးပွားရေးအရ ဖွံ့ဖြိုးမှုနည်းပါးသောနိုင်ငံများနှင့် အလယ်အလတ်နိုင်ငံများရှိ လမ်းများပေါ်တွင် ခရီးသည်တင်ကားများ၊ ဘတ်စ်ကား၊ကုန်တင်ကားကြီးများ၊ မော်တော်ဆိုင်ကယ်နှင့် စက်အားဖြင့် မောင်းနှင်သည့် သုံးဘီးယာဉ်များတို့သည် ဥဒဟိုလှုပ်ရှားသွားလာလျက်ရှိကြသည်။ ထို့ပြင် ခြေကျင်လျှောက်သွားလာသူများ၊ စက်ဘီးဖြင့် သွားလာသူများလည်း များပြားလာသည်။ ခရီးသည်များသည် မော်တော်ယာဉ်များပေါ်တွင်

ဒေါက်တာခင်သန်းဦး
(ကျန်းမာရေးပညာ)

ရပ်လျက်သော်လည်းကောင်း၊ ထိုင်၍သော်လည်းကောင်း စီးနင်းလိုက်ပါကြရာတွင် ဘေးအန္တရာယ်ကင်းရှင်းမှုအတွက် စီစဉ်ထားရှိမှုမရှိကြပါ။ ဤအချက်များပေါ်မူတည်၍ ယာဉ်ထိခိုက်မှုတွင် ပုံစံအမျိုးမျိုး ကွဲပြားဖြစ်ပေါ်လျက်ရှိသည်။ အချို့နိုင်ငံများတွင် ယာဉ်ထိခိုက်မှုကြောင့် သေဆုံးကြသူများ၏ ၇၀ရာခိုင်နှုန်းသည် ယာဉ်မောင်းသူများနှင့် ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါသူများ ဖြစ်ကြသည်။ အချို့နိုင်ငံများတွင် သေဆုံးသူအများစုမှာ လမ်းလျှောက်သွားလာကြသူများ၊ စက်ဘီး၊ ဆိုင်ကယ် စီးနင်းသူများနှင့် ခရီးသည်တင်ယာဉ်များဖြင့် သွားလာသူများဖြစ်သည်ကို တွေ့ရှိရသည်။ ဤအချက်များသည် ယာဉ်ထိခိုက်မှုအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ရာတွင် အရေးကြီးသည်။

အများအားဖြင့် စီးပွားရေးကောင်းမွန်သောနိုင်ငံများတွင် လူတစ်ဦးချင်း မော်တော်ကား ပိုင်ဆိုင်မှုနှုန်း များရုံသာမက မောင်းနှင်သွားလာနိုင်သည့် ခရီးအကွာအဝေး ကီလိုမီတာလည်း ပိုမိုများပြားသည်။ ယင်းတိုင်းပြည်များတွင် လမ်းများဖောက်လုပ်ရာတွင် အန္တရာယ်ကင်း ချောမွေ့စွာ သွားလာမောင်းနှင်နိုင်ရန် ဒီဇိုင်းများစနစ်တကျ ရေးဆွဲဖောက်လုပ်ကြသည်။ လမ်းများတွင် အနှေးယာဉ်၊ အမြန်ယာဉ်များ အန္တရာယ်ကင်းစွာ မောင်းနှင်သွားလာနိုင်သည့် ယာဉ်ကြောများ၊ လမ်းလျှောက်သွားလာသူများအတွက် ပလက်ဖောင်းများ၊ လမ်းဖြတ်ကူးရန်နေရာများ သတ်မှတ်ထားလေ့ရှိသည်။ မော်တော်ယာဉ် စီးနင်းမောင်းနှင်သူများ၊ လမ်းလျှောက်သူများသည် သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာအသုံးပြုရန်လိုသည်။ စည်းကမ်းဖောက်ဖျက်သူများအား ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း၊ ယာဉ်ထိခိုက်မှုဖြစ်ပွားပါက ရှေးဦးသူနာပြုစုခြင်း၊ ကုသမှုပေးခြင်းနှင့် နာလန်ထလူနာများအား ပြုစုပျိုးထောင်ခြင်းတို့အတွက်လည်း စနစ်တကျစီမံဆောင်ရွက်ထားရန် လိုအပ်သည်။

ယာဉ်ထိခိုက်မှုအန္တရာယ်ဖြစ်စေသည့် အဓိကအချက်များမှာ အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ အရက်သေစာမူးယစ်၍မောင်းနှင်ခြင်း၊ ပင်ပန်းနွမ်းနယ်နေချိန်တွင် မောင်းနှင်ခြင်း၊ အသက်ငယ်ရွယ်သော အမျိုးသားများဖြစ်ခြင်း၊ လမ်းမကျွမ်းကျင်ဘဲမောင်းနှင်ခြင်း၊ အမှောင်ထဲတွင် မောင်းနှင်ခြင်း၊ မော်တော်ယာဉ်စက်ပိုင်းအား ကောင်းစွာပြုပြင်ထိန်းသိမ်းမှုမရှိခြင်း၊ လမ်းဒီဇိုင်း ချောမွေ့မှုမရှိခြင်း၊ ရာသီဥတုသို့မဟုတ်မျက်စိမှုန်ခြင်းကြောင့် လမ်းမြင်ကွင်းအား ရှင်းလင်းစွာ မတွေ့ရခြင်းတို့ဖြစ်ကြသည်။ အန္တရာယ်ကင်းရှင်းရေးအတွက် အကာအကွယ်ဖြစ်သည့် ခါးပတ်၊ ဆိုင်ကယ်စီးဦးထုပ်တို့အသုံးမပြုခြင်းတို့ကြောင့် ထိခိုက်ဒဏ်ရာသည် ပို၍ဆိုးရွားစွာဖြစ်ပေါ်ကာ၊ အသက်ဆုံးရှုံးရခြင်း၊ ဒုက္ခိတဘဝရောက်ရခြင်းတို့ ဖြစ်စေသည်။

မြန်မာနိုင်ငံတွင်လည်း ရန်ကုန်မြို့တော်နှင့် မြို့ကြီးများတွင်သာမက မြို့ငယ်များတွင်ပါ မော်တော်ယာဉ်စီးနင်းသုံးစွဲသူများ များပြားလျက်ရှိသည်။ အခြားဒေသများတွင်လည်း ယခင်က ခြေကျင်၊ စက်ဘီး၊ မြင်းလှည်း၊ ဆိုက်ကား စသည့်နည်းဖြင့် သွားလာကြရာမှ ယခုအခါမော်တော်ကား၊ မော်တော်ဆိုင်ကယ် စသည်တို့စီးနင်းသုံးစွဲသူတို့ များပြားလာနေလျက်ရှိသည်။ နိုင်ငံတော်ကလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ခရီးလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးကို ထည့်သွင်းဆောင်ရွက်လျက်ရှိရာ၊ လမ်းပန်းဆက်သွယ်မှုများ လွယ်ကူချောမွေ့လာသည်။ ထို့ကြောင့်ရှေးယခင်က မော်တော်ကား၊ မော်တော်ဆိုင်ကယ် စသည်တို့ကို အထူးအဆန်းသဖွယ်ကျေးလက်ဒေသ ကလေးများက လိုက်ပါကြည့်ရှုခဲ့ကြရာမှ ယခုအခါလူငယ်များကိုယ်တိုင် စီးနင်းမောင်းနှင် အသုံးပြုနေကြပြီဖြစ်သည်။ ထိုသို့မောင်းနှင်စီးနင်းရာတွင် အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျ လိုက်နာကျင့်သုံးကြရန်လိုသည်။

မြို့များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျ လိုက်နာစေရန် ပညာပေးခြင်း၊ စစ်ဆေးအရေးယူခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ ဗီဒီယိုတို့မှ ပညာပေးခြင်းများကို စီမံချက်များ ချမှတ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ မော်တော်ယာဉ် မောင်းနှင်သုံးစွဲသူများက စည်းကမ်းလိုက်နာသကဲ့သို့ လမ်းလျှောက်ဖြတ်ကူးသွားလာသူများကလည်း လိုက်နာရန်လိုအပ်သည်။ လမ်းဖြတ်ကူးရာတွင် သတ်မှတ်ထားသောနေရာများနှင့် အန္တရာယ်ကင်းသောနေရာများမှ ဖြတ်ကူးကြခြင်း၊ မိမိတို့ဖြတ်ကူးရာတွင် ယာဉ်ကြောကို ကင်းရှင်းအောင် စောင့်ကြည့်ဖြတ်ကူးခြင်းတို့ ပြုလုပ်ကြရန်လိုသည်။ အချို့သူများသည် လမ်းဖြတ်ကူးရာတွင် မိမိကူးနေသည့်လမ်း၏ ယာဉ်ကြောအား မကြည့်ဘဲကူးခြင်း၊ မော်တော်ယာဉ်အားရှောင်ရာတွင် ကိုယ်ကိုညွတ်၍ မလွတ်တလွတ်ရှောင်ခြင်း၊ မထိမဲ့မြင်ကူးခြင်း၊ ယာဉ်ကြောနှစ်ဖက်အလယ်တွင် အလျားလိုက်သွားနေခြင်းတို့ ပြုလုပ်ခြင်းကြောင့် ယာဉ်တိုက်ခိုက်မှုများ ဖြစ်ခြင်းတို့ တွေ့ရသည်။

ယာဉ်ထိခိုက်မှုဖြစ်ပွားပါက ထိခိုက်ခံရသူရော ယာဉ်မောင်းသူပါ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရသည်။ အခန့်မသင့်ပါက စက္ကန့်ပိုင်းအတွင်း တစ်ဦးတစ်ယောက်၏ မဆင်မခြင်မိလိုက်မှုကြောင့် လူတစ်ဦးသို့မဟုတ် လူတစ်စုတို့၏ အသက်ဆုံးရှုံးခြင်း၊ ကိုယ်လက်အင်္ဂါဆုံးရှုံး၍ ဒုက္ခိတဖြစ်ရခြင်းတို့မှာ ရေရှည်တွေ့ကြုံရင်ဆိုင်ရမည့် ဒုက္ခဖြစ်သည်။ ယာဉ်မောင်းနှင်သူသည်လည်း တရားဥပဒေကြောင်းအရ အရေးယူခံရခြင်းကြောင့် ကိုယ်တိုင်သာမက မိသားစုဝင်များပါ လူမှုရေး၊ စီးပွားရေးဒုက္ခများ တွေ့ကြုံခံစားရသည်။ နိုင်ငံအနေနှင့်လည်း လူတို့၏စွမ်းအားများ ဆုံးရှုံးရသည့်အပြင် ကျန်းမာရေး စရိတ်များ မြင့်တက်သွားသည်။ ဤဆုံးရှုံးမှုများကို ကာကွယ်ရန်မှာ ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်းသူ၊ လမ်းလျှောက်သွားလာသူ စသည့်သူအားလုံးတို့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာရုံသာမက အစဉ်သတိနှင့်ယှဉ်၍ မောင်းနှင်သွားလာကြမှသာ လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်တို့မှ ကင်းဝေးမည် ဖြစ်သည်။

လူကြီးလူငယ်တိုင်းသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို နားလည်သဘောပေါက်ပြီး လိုက်နာကြရသည်။ ဤကဲ့သို့ လိုက်နာလုပ်ဆောင်နိုင်ရန် ငယ်ရွယ်စဉ်ကလေးဘဝမှစ၍ အသိပေးလေ့ကျင့်ထားကြရမည်ဖြစ်သဖြင့် လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ စက်ရုံအလုပ်ရုံများမှ တာဝန်ရှိသူများ၊ ပြည်သူလူထုများကိုယ်တိုင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန်---။ ။

သန်လျင် ကျိုက်ဒေးယျုံ မဟာစည်တရားစခန်းဖွင့်မည်

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း သန်လျင်မြို့ အောင်မင်္ဂလာရပ်ကွက် ကျိုက်ဒေးယျုံ စေတီတော်၏ခြေတော်ရင်း ဝိပဿနာ ဓမ္မရိပ်သာမဏ္ဍလာရာမ ကျောင်းတိုက်တွင် ပဓာန နာယက ဆရာတော် ကျိုက်ဒေးယျုံအရှင်ဥတ္တရ ဓမ္မာစရိယ နယ်လှည့်သာသနာပြု ဓမ္မကထိက အလိုတော်ပြည့် ကမ္မဋ္ဌာနာစရိယ ဆရာတော်နှင့် မဟာစည်ရိပ်သာမှ ဘဒ္ဒန္တသူရိယ၊ ကျောက်ပန်းတောင်း ဆရာတော်၊ မြစ်သားဆရာတော်၊ မြန်အောင်ဆရာတော်၊ ပုသိမ် ဆရာတော် ဓမ္မကထိက နာယကဆရာတော်ကြီးများကိုယ်တိုင် မဟာစည် ဆရာတော်ဘုရားကြီး၏ ဥပနိဿယ အတိုင်း ၁၃၆၅ ခုနှစ် တန်ခူးလပြည့်ကျော် ၅ ရက် (ဧပြီ ၉ ရက်)မှ တန်ခူးလကွယ်နေ့ (ဧပြီ ၁၈ရက်)အထိ ကိုးရက်တိုင်တိုင် မဟာသတိပဋ္ဌာန် ဝိပဿနာ တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများသည် ဧပြီ ၉ ရက် ညနေ ၅နာရီ အရောက် သာသနာ့နဂ္ဂဟအဖွဲ့ ဖုန်း-၀၅၆-၂၁၅၇၈ သို့ စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကျိုင်းတောင်းရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ စတင်ထုတ်လွှင့်

ရန်ကုန် ဧပြီ ၃

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျိုင်းတောင်းတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဧပြီ ၁ရက် နံနက်ပိုင်းတွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား ၁၀ ဝပ်၊ လိုင်းနံပါတ် ၆ ဖြင့် ယနေ့ ညနေပိုင်း မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များမှ စတင်၍ အရုပ်၊ အသံ ကြည်လင်ပြတ်သားစွာ ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စုပေါင်းသန့်ရှင်း

ရန်ကုန် ဧပြီ ၃

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျောက်ဆည်မြို့အား သန့်ရှင်းသာယာလှပရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ အပတ်စဉ်စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ရပ်ကွက်အလိုက် စုပေါင်းဆောင်ရွက်ကြရာ အမှုဆောင်အရာရှိဦးလေးလွင်နှင့် ဒု-ဦးစီးမှူး ဦးချစ်ကိုဦးတို့က ကြပ်မတ်ဆောင်ရွက်ပေးကြသည်။

(မြို့နယ်စည်ပင်)

❑ *ကျောဖုံးမှ*

သင်္ကြန်ရောက်သည်ဆိုလျှင်ပင် ကလေးများနှင့် လူရွယ်များသည် ပျော်ရွှင်စွာ ရေပက်ကစားကြပြီး သက်ကြီး ရွယ်အိုများက တရားဘာဝနာပွားများခြင်းပြုကြသည်။တချို့ လူရွယ်များက သက်ကြီးရွယ်အိုများအား ခေါင်းလျှော်၊ ရေချိုး၊ ခြေသည်းလက်သည်းများ လှီးဖြတ် သန့်စင်ပေးခြင်းများရှိကြသကဲ့သို့ ယဉ်ကျေးမှုအစဉ်အလာကောင်းကိုထိန်းသိမ်းသည့်အနေဖြင့် ရိုးရာမဟာသင်္ကြန်၌ အနုပညာဖြင့် ကပြဖျော်ဖြေတင်ဆက်မှုများရှိခဲ့ကြသည်။

ဤကဲ့သို့ မြန်မာတို့အမြတ်တနိုးတန်ဖိုးထားသည့် အမျိုးသား ယဉ်ကျေးမှု အစဉ်အလာကောင်းများနှင့် ပျော်ရွှင်ဖွယ်ရာ မဟာသင်္ကြန်ပွဲတော်ကြီးတွင် ပြည်သူများအား အနုပညာဖြင့် ဖျော်ဖြေမည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သမီးပျိုလေးများ၏ ယိမ်းအဖွဲ့ရှိရာ မြန်မာ့အလင်း သတင်းဆောင်းပါးအဖွဲ့ သွားရောက်တွေ့ဆုံဖြစ်ခဲ့သည်။

ရိုးရာအစဉ်အလာ

ယိမ်းအဖွဲ့ကို ဦးဆောင် စီစဉ်ဆောင်ရွက်သည့် အသင်းအုပ်ချုပ်သူ ဒုတိယရဲမှူးခင်ဖြူဝင်းက“ယခုနှစ်ရိုးရာမဟာသင်္ကြန်ပွဲတော်ဖျော်ဖြေရေးကဏ္ဍတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ၁၂ ဦးပါဝင်တဲ့ အပျိုစင် မျက်ဝန်းလဲ့ယိမ်းနဲ့ ၁၆ ဦး ပါဝင်တဲ့ မိုးနတ်ရွှေကိန္နရီယိမ်းအဖွဲ့ နှစ်ဖွဲ့ ပါဝင်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အဓိကအားဖြင့် ဖျော်ဖြေမှုအပိုင်းနဲ့ ပါဝင်ယှဉ်ပြိုင်မှုအပိုင်းဆိုပြီး နှစ်ပိုင်း ခွဲထားပါတယ်။ ရည်ရွယ်ချက်ကတော့မြန်မာ့ရိုးရာအစဉ်အလာမပျက်နှစ်စဉ်ကျင်းပလာတဲ့မဟာသင်္ကြန်မှာ ရိုးရာယဉ်ကျေးမှုအမွေခံကောင်းများ ထိန်းသိမ်းနိုင်ဖို့ရိုးရာမဟာသင်္ကြန်ကို လာရောက်လေ့လာကြတဲ့ နယ်စပ်ဒေသမှတိုင်းရင်းသားညီအစ်ကိုမောင်နှမများနဲ့ရင်းနှီးချစ်ကြည်စွာအပြန်အလှန် ရေပက်ကစားရင်း ရိုးရာဓလေ့ဖျော်ဖြေတင်ဆက်ဖို့ဖြစ်ပါတယ်။ ဒါ့အပြင် ပြည်ပမှဧည့်သည်များ ပြည်ထဲရေးဝန်ကြီးဌာနမဏ္ဍပ်ကို လာရောက်ရေကစားတဲ့အခါ ပြည်ထဲရေးဝန်ကြီးဌာန မိသားစုယိမ်းအဖွဲ့များက မြန်မာရိုးရာမဟာသင်္ကြန်ရဲ့ယဉ်ကျေးသိမ်မွေ့ပြီးပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းပုံကို တင်ဆက်သွားမှာဖြစ်ပါတယ်။ ထိုအစဉ်အလာကောင်းများရဲ့ ပြယုဂ်ကို ဧည့်သည်များစွဲမက်ဂုဏ်ယူစရာဖြစ်အောင် သမီးပျိုလေးများက မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာ ကနည်းကကွက်ဆန်းဖြင့်တင်ဆက်ဖျော်ဖြေမှာဖြစ်ပါတယ်။ ဒါကပင်တိုင်ဖျော်ဖြေမှုအပိုင်းဖြစ်ပါတယ်။ မြို့တော်ဝန်မဏ္ဍပ်မှာတော့ပါဝင်ယှဉ်ပြိုင်မှုအပိုင်းဖြစ်ပါတယ်။ ဒီနှစ်မျိုးလုံးကိုဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မိသားစုရစေဖို့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုကအစ သတိထားရပါတယ်။ လျှပ်ပေါ်လော်လည် ဝတ်စားဆင်ယင်မှုမျိုးကိုရှောင်ကြဉ်ပြီး မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီမယ့် ဝတ်စားဆင်ယင်မှုမျိုးကိုဆင်မြန်းရပါတယ်။ ဖျော်ဖြေမှုအပိုင်းအနေဖြင့် ယိမ်းအဖွဲ့ဝင်များကို အကဝါသနာပါတဲ့ ဝန်ထမ်းသမီးပျိုများကိုစုစည်းပြီး မြန်မာ့ရိုးရာအက အခြေခံဖြစ်တဲ့ နရီ စည်းဝါးပိုင်နိုင်အောင် အကနည်းပြဆရာမ ဒေါ်နုနုစိန်

၁၃၆၅ခုနှစ် ရိုးရာမဟာသင်္ကြန်ပွဲတော်တွင်ပါဝင်ဖျော်ဖြေမည့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန လှပျိုဖြူလေးများ၏ မြန်မာ့မှု မြန်မာ့ဟန် မြူးမြူးကြွကြွ သင်္ကြန်ယိမ်းအကကို ကြိုတင်ဇာတ်တိုက်နေကြစဉ်။
ဓာတ်ပုံမှတ်တမ်း–တင်စိုး(မြန်မာ့အလင်း)

စည်းကမ်းထိန်းသိမ်းရေးကော်မတီရဲ့ ဦးဆောင်မှုနဲ့တပ်ရင်း၊ တပ်ဖွဲ့ဝင်မိသားစုများအပြင် တပ်ရင်း၊ တပ်ဖွဲ့ဝင်များ၏သားသမီးတွေစုစည်းပြီး အနုပညာအခြေခံကောင်းများရှိမည့် အကဝါသနာရှင်လေးများကို ရွေးထုတ်ကာ အကနည်းပြဆရာမဒေါ်စန်းနု(အနုပညာဦးစီးဌာနမှ လ/ထညွှန်ကြားရေးမှူး)က ရိုးရာမဟာသင်္ကြန်၏ အနှစ်သာရများပါဝင်တဲ့သီချင်း၊ စာသားနဲ့အညီ လိုက်လျောညီထွေ လိုက်ဖက်အောင် အကများ သင်ကြားပေးပါတယ်။ ယခုနှစ်မှာ ကဏ္ဍသစ်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ခွန်အားပြည့်ရမယ်၊ စွမ်းအားရှိရမယ်၊ ပေးအပ်တဲ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်မယ်ဆိုတဲ့ စာသားနဲ့အညီ ကကြိုးကကွက်များကို ထည့်သွင်း ကပြထားပါတယ်” ဟု မြန်မာ့အလင်းသို့ရှင်းပြသည်။

အမျိုးဂုဏ်ဇာတိဂုဏ်

ဆက်လက်၍အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ယိမ်းအဖွဲ့ထံသွားရောက်တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ ယိမ်းအဖွဲ့အသင်း အုပ်ချုပ်သူ ဦးအောင်ကြည်က ပြောကြားရာတွင် “အနုပညာဆိုသည်မှာ ပြည်သူကြား ထိုးဖောက်ဝင်ရောက်တဲ့နေရာမှာ အင်မတန်လျင်မြန်လှပါတယ်။ အနုပညာအခန်းကဏ္ဍကို သရုပ်ဆောင်ရတဲ့ ယိမ်းအဖွဲ့အနေဖြင့် ပြည်သူများ အတုယူမမှား

(ယဉ်ကျေးမှုတက္ကသိုလ်)က သီချင်းနဲ့ လိုက်ဖက်မယ့် အနုအလှကကွက်များဖြင့် သရုပ်ဖော်ပေးပါတယ်။ ဒီနှစ်မှာတေးရေးအောင်လှထွန်း(ရွှေတိုင်)ရဲ့ နှစ်ဦးသင်္ကြန်သီချင်းနဲ့ယိမ်းအဖွဲ့ရဲ့ ဖျော်ဖြေမှုဟာ ပြည်သူများကို စွဲလမ်းနှစ်ခြိုက်စေမယ့် မြန်မာ့မှုဟန် ကနည်းကကွက်တစ်မျိုးဖြစ်ပါတယ်။အထူးတင်ဆက်မှုအနေဖြင့်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာ တွင် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားဖို့အတွက် ရိုးရာယဉ်ကျေးမှုကို မပျောက်ပျက်အောင် ထိန်းသိမ်းမယ့် ယိမ်းအဖွဲ့၏ သရုပ်ဖော်ကကွက်ကို ထည့်သွင်း တင်ဆက်ထားပါတယ်”ဟုပြောကြားသည်။

ယဉ်ကျေးသောနိုင်ငံ

ယဉ်ကျေးမှုကိုမြတ်နိုးပြီး သမိုင်းအမွေအနှစ်များကိုအစဉ်ထိန်းသိမ်းတတ်သည့် သက်သေသာဓကများကြောင့် ကမ္ဘာတွင် မြန်မာသည်ယဉ်ကျေးသောနိုင်ငံအဖြစ် ထင်ရှားလျက်ရှိသည်။

မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်တွင် မြန်မာနိုင်ငံကို ရောက်ရှိနေကြသော ကမ္ဘာလှည့် ခရီးသည်များလည်း ပျော်ပျော်ပါးပါး ဆင်နွှဲလေ့ရှိကြသည်။ ထိုသို့ ပါဝင်ဆင်နွှဲခြင်းဖြင့် မြန်မာတို့၏ မြတ်နိုးဖွယ်ကောင်းသော ယဉ်ကျေးသည့် သင်္ကြန်အလှများကို ၎င်းတို့ ထိတွေ့ခံစားရသည့်အခါ မြန်မာသည် ပျူငှာ ဖော်ရွေတတ်ပြီး ယဉ်ကျေးသိမ်မွေ့တတ်သော လူမျိုးဟု စွဲမက်စရာ ဖြစ်စေခဲ့သည်။

ရိုးရာ မဟာသင်္ကြန်ပွဲတော်တွင် မြန်မာတို့၏ယဉ်ကျေးမှု အမွေအနှစ်များကို မတိမ်ကောမပျောက်ရအောင် အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရင်း အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ရမည့်တာဝန် မြန်မာပြည်သူတိုင်း၌ကိုယ်စီရှိကြသည်။

ထိန်းသိမ်းစောင့်ရှောက်

မြန်မာ့သင်္ကြန်ကို မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာအတိုင်း နှစ်စဉ်ကျင်းပခဲ့ကြရာ ယနေ့မျက်မှောက် မြန်မာတိုင်းရင်းသားများ ဟီရိဩတ္တပ္ပတရားနှင့်အညီ ရိုးရာအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ရင်းဖြင့် ယဉ်ကျေးမှုမဟာသင်္ကြန်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပါစို့ဟူ၍ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။**(မြန်မာ့အလင်း)**

ယိမ်းအဖွဲ့ကို သီချင်းနှင့် လိုက်ဖက်အောင် နရီစည်းဝါး ကိုက်ညီသည့် အနုအလှကကွက်များဖြင့် သရုပ်ဖော်ထားသည်။
(အသင်းအုပ်ချုပ်သူ– ဦးအောင်ကြည်)
ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

၁၃၆၅ခုနှစ် ရိုးရာမဟာသင်္ကြန် ပွဲတော်ကြီးတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ သမီးပျိုလေးများ၏ စည်းချက်ဝါးချက်နှင့်အညီ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည့် ယိမ်းအဖွဲ့၏ ကကြိုးဟန်။
ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

အနှစ်သာရ

ရိုးရာမဟာသင်္ကြန်၏ အနှစ်သာရများ ပါဝင်သည့် သီချင်းစာသားနှင့်အညီ လိုက်လျောညီထွေရှိအောင် ကကြိုးကကွက်များကို သရုပ်ဖော်ထားသည်။
(အသင်းအုပ်ချုပ်သူ ဒုတိယရဲမှူးခင်ဖြူဝင်း)
ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်

ဆင်နွှဲသူများလိုက်နာရန် တိုက်တွန်းနှိုးဆော်ချက်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်။

(ခ) ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ မပြုလုပ်ရန်။

(ဂ) အချင်းချင်း ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန်။

(ဃ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူ ပြောဆို၊ ကြိုးပမ်းမှုများကို မပြုလုပ်ရန်။

မဟာသင်္ကြန်စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင် ယာဉ်(ဘတ်စကား)များအား ထိရောက်စွာအရေးယူဆောင်ရွက်ခဲ့သဖြင့် ယာဉ်တိုက်မှု၊ယာဉ်တိမ်းမှောက်မှုများ လျော့နည်းကျဆင်းသွားသည်ကို တွေ့ရှိရပါသည်။ ယခုအခါတွင် ဌာနဆိုင်ရာယာဉ်နှင့် TAXI အငှားယာဉ်များမှာလည်း ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်ယာဉ်များမှာမူ ယာဉ်တိုက်မှုလျော့နည်းကျဆင်းလာမှု မရှိသေးကြောင်း တွေ့ရှိရပါသဖြင့် ယာဉ်တိုက်မှုမဖြစ်အောင် ထိန်းသိမ်း မောင်းနှင်ကြရန်နှင့် ယာဉ်တိုက်မှုဖြစ်ပွားပါက ပြစ်ဒဏ်သတ်မှတ်ချက်များအား မည်သည့်နည်းနှင့်မျှ ကင်းလွတ်ခွင့်ပြုမည်မဟုတ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ယဉ်ကျေးသိမ်မွေ့စွာဖြင့် နှစ်သစ်ကိုကြိုဆို

နုနုရီ

နိုင်ငံတိုင်း လူမျိုးတိုင်းတွင် ရိုးရာယဉ်ကျေးမှု ပွဲတော်များရှိပြီး ပါဝင်ဆင်နွှဲလာခဲ့ကြသည်မှာ ရှေးပဝေသဏီကစ၍ ယနေ့ထက်တိုင်အောင်ဖြစ်သည်။

လောကဓမ္မတာအရ အဟောင်းအဟောင်းတို့ ချုပ်ငြိမ်း ကွယ်ပျောက်လေတိုင်း အသစ်အသစ်တို့ ပေါ်ထွန်းလာစမြဲဖြစ်သည်။ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကူးပြောင်းမည့်လတန်ခူးသို့ မကြာမီရောက်ရှိလာတော့မည် ဖြစ်သည်။

အတာကူးသည့်လတန်ခူးသည် ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေသည့် အချိန်လည်း ဖြစ်ပေသည်။ မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် မဟာသင်္ကြန်ပွဲတော်သည် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သည်နှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပါဝင်ဆင်နွှဲကြသည့်ပွဲတော်ဖြစ်ပြီး မြန်မာနိုင်ငံသို့ ရောက်ရှိနေကြသောသံတမန်များ၊ ကမ္ဘာလှည့်ခရီးသည်များပါ ပါဝင်ဆင်နွှဲလေ့ရှိသည့် ပွဲတော်လည်း ဖြစ်ပေသည်။

"သင်္ကြန်"ဟူသောဝေါဟာရသည် ပြောင်းလဲခြင်း၊ ရွေ့လျားခြင်းဟူသော အနက်အဓိပ္ပါယ်ကိုရရှိသည်။ သင်္ကြန်သည် မြန်မာတို့၏ အထိမ်းအမှတ်ပွဲတော်ဖြစ်သည်။ ပူအိုက်သည့် နွေဦးအခါသမယတွင် တစ်ဦးနှင့်တစ်ဦးရေပက်ဖျန်းခြင်းဖြင့် ရွှင်လန်းအေးမြစေသည့် သဘောကိုဆောင်သဖြင့် အလွန်မွန်မြတ်လှပါသည်။

အမှန်စင်စစ် သင်္ကြန်၏အနှစ်သာရသည် ယဉ်ကျေးသိမ်မွေ့မှုကို အခြေခံလေသည်။ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်သည် ရှေးကာလမှသည် ယနေ့ထက်တိုင်ရှင်သန်လာခဲ့သော ကုသိုလ်ရေးပွဲတော်လည်း ဖြစ်ပေသည်။

သင်္ကြန်ကာလကို အခါကြီးရက်ကြီးဟူ၍ မြန်မာတို့က တလေးတစားသတ်မှတ်ပြီး စတုဒိသာကျွေးမွေးခြင်း၊ ဇီဝိတဒါနဘေးမဲ့လွှတ်ပွဲများဖြင့် ကုသိုလ်ယူသောပွဲတော်လည်း ဖြစ်ပေသည်။

အထူးသဖြင့် သင်္ကြန်ပွဲတော်သည် ရက်ရှည်ဆင်နွှဲသော ပွဲတော်ဖြစ်၍ လူငယ်လူရွယ်များက မဏ္ဍပ်ကြီးငယ်များ ဆောက်လုပ်၍ အတာရေပက်ဖျန်းကျီစယ်ပြီး သင်္ကြန်တွင်းလာသမျှသော ရေပက်ခံကားများကို ရေပိုက်ငယ်များဖြင့် ဖော်ရွေယဉ်ကျေးစွာ အတာရေပက်ဖျန်းလေ့ရှိကြသည်။

သက်ကြီးရွယ်အိုများက ဘုရားကျောင်းကန်များသို့သွားရောက်၍ ဥပုသ်သီတင်းရက်ရှည် တည်ဆောက်ကြပြီး ကုသိုလ်ယူသောအချိန်ကာလလည်း ဖြစ်ပေသည်။

သင်္ကြန်ကာလတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်ရန်၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုအဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူပြောဆိုမှုများ မပြုလုပ်ရန်၊ သင်္ကြန်တွင် ယဉ်ကျေးစွာရေမကစားဘဲ ရေပိုက်များဖြင့် တရကြမ်း ရေပက်ခြင်း၊ ခွက်စောင်းခုတ်၍ ရေကစားခြင်းတို့ကိုပြုလုပ် ခြင်းဖြင့် အချင်းချင်းဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသော ကြမ်းတမ်းသည့် ရေကစားမှုများ မပြုလုပ်ရန် လိုအပ်ပေသည်။

ယနေ့မျက်မှောက်ခေတ်တွင် အများအားဖြင့် ရိုးရာယဉ်ကျေးမှုများ ပျက်ပြားနေပြီး သင်္ကြန်ပွဲတော်ကာလတွင် သံသေးသံကြောင်ဟစ်၍ ရေပက်ကြသည့် သရုပ်ပျက်ရေကစားကြမှုများရှောင်ရှားမှသာ မြန်မာ့ယဉ်ကျေးမှုကို မြှင့်တင်ထိန်းသိမ်းရာရောက်ပေမည်။

မြန်မာတို့၏ နှစ်လိုဖွယ်ရာဖြစ်သော ရိုးရာယဉ်ကျေးမှု ပွဲတော်တွင် မလိုလားအပ်သောလုပ်ရပ်များဖြင့် အကျည်းတန်စေသော အပြုအမူများကို ရှောင်ရှားပြီး နိုင်ငံကြီးသားပီသစွာ ပါဝင်ဆင်နွှဲရင်းဖြင့် မြန်မာ့ နှစ်သစ်ကို ကြိုဆိုကြပါစို့။ ။

၁၃၆၄ ခုနှစ် သင်္ကြန်အကြိုနေ့က ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် တိုင်းရင်းသူလေးများ က ဤသို့ ကပြဖျော်ဖြေခဲ့ကြစဉ်။



ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား တရုတ်သတင်းစာဆရာ ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် ဧပြီ ၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံအား ရန်ကုန်မြို့၌ ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ လယ်သမားနေ့စဉ် သတင်းစာအယ်ဒီတာအဖွဲ့ အဖွဲ့ဝင် (M. Liu Zhanmian)ခေါင်းဆောင်သည့် တရုတ်သတင်းစာ ဆရာကိုယ်စားလှယ်အဖွဲ့ဝင်များက ယမန်နေ့မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ဝန်ကြီး၏ဧည့်ခန်း၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကဗျာနှင့် အနုပညာ ပြိုင်ပွဲ ကျင်းပ ရေး လုပ်ငန်းကော်မတီက ကျင်းပသည့် ဂုဏ်ပြု စစ်ချီ စစ်ရေးတေးသီချင်းများ ရေးသားစပ်ဆိုခဲ့ကြသည့် ဂီတစာဆိုပညာရှင်များအား ဂုဏ်ပြုပွဲတွင် ကျင်း ပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က ဂီတ ပညာရှင်တစ်ဦးအား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်စဉ်။ (သတင်းစဉ်)

စစ်ချီ စစ်ရေးတေးသီချင်းများ ရေးသားစပ်ဆိုသည့် ဂီတစာဆိုပညာရှင်များအားဂုဏ်ပြု

ရန်ကုန် ဧပြီ ၃

၂၀၀၄ ခုနှစ်(၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကဗျာနှင့်အနုပညာ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီက ကြီးမှူးကျင်းပသည့် (၅၉) နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ဂုဏ်ပြုစစ်ချီ စစ်ရေးတေးသီချင်းများ ရေးသားစပ်ဆိုခဲ့ကြသည့် ဂီတစာဆိုပညာရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ဧပြီ ၁ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ (၅၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က စစ်ရေးတေးသီချင်း ရေးစပ်ခဲ့ကြသော ဂီတစာဆိုပညာရှင်များဖြစ်ကြသည့် ဗိုလ်ကလေးဦးတင့်အောင်၊ အကယ်ဒမီဂီတလုလင်ဦးကိုကို၊ ဦးမောင်မောင်လတ်(နောင်)၊ ဦးလေးညွှန့်၊ ဦးညွှန့်ဝေ၊ ဂီတစာဆိုမောင်ကြေးမုံ၊ ပျဉ်းမနားဦးမြင့်လှိုင်၊ စန္ဒရားဦးချစ်ဆွေ၊ ပန်တျာဦးချစ်လှိုင်၊ ရေနံ့သာဦးဝင်းမောင်နှင့် ဒုတိယဗိုလ်မှူးကြီးအုန်းမောင် (ငြိမ်း) (မြင်းမူမောင်နိုင်မိုး)တို့အား လည်းကောင်း၊ စစ်ချီတေးသီချင်းရေးစပ်ခဲ့ကြသော ဂီတစာဆို ပညာရှင်များဖြစ်ကြသည့် ထီလာစစ်သူ၊ ဝဏ္ဏကျော်ထင် ဦးစိန်မြမောင်၊ စန္ဒရားဦးလှမိုး၊ ဗိုလ်ကြီး သက်တင်အောင်နှင့် ဦးသန်းမြတ်စိုးတို့အား လည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်သည်။

ကျေးဇူးတင်စကား

ယင်းနောက် ဂီတစာဆိုပညာရှင်များကိုယ်စား ဗိုလ်ကလေးဦးတင့်အောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၄-၄-၂၀၀၄
(တနင်္ဂနွေနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ မြန်မာသင်္ကြန်
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော်ဦးဃောသိတ တရားတော် **"ပဋိစ္စသမုပ္ပါဒ်နှင့် ကမ္မဘဝရှင်းတမ်း"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ မြန်မာသင်္ကြန်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Production (စီးပွားရေး၊ စီးပွားစီမံ)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ မြန်မာ့ရှုခင်း
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မောင့်ရွှေနဖာစူး၊ မယ့်ရွှေနဖူးစာ"**(အပိုင်း-၂၂)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ လျှပ်တစ်ပြက်
၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း-၃)

မတ် ၂၉ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) (၅၇) ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း အမှတ်(၇)တွင် အခြေခံပညာ မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာသိန်းက မောင်ဆက်သွင်အောင်အား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

လူနာခုတင်များ လှူဒါန်း

ရန်ကုန် ဧပြီ ၃

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ရွှေသံလွင်ကုမ္ပဏီ လီမိတက်မှ ဥက္ကဋ္ဌ ဦးကျော်ဝင်း ကိုယ်စား မိခင်ဖြစ်သူသီဟသုဓမ္မ သိင်္ဂီ သီရိသုဓမ္မ သိင်္ဂီ အဂ္ဂမဟာသီရိသုဓမ္မ သိင်္ဂီ ဒေါ်နီ၊ သားသမီးမြေးတစ်စုက တပ်မတော်ဆေးတပ်ဖွဲ့တွင် အသုံးပြုရန်အတွက် ငွေကျပ် ၂၅၀၀၀၀၀ တန်ဖိုးရှိ ဆေးရုံသုံး လူနာခုတင် အလုံး၁၀၀ လှူဒါန်းပွဲကိုမတ် ၂၅ ရက် မွန်းလွဲ ၂နာရီတွင် တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး၌ ကျင်းပရာ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဗိုလ်မှူးကြီး သန်းအောင် တက်ရောက်လက်ခံရယူ၍ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးသန်းအောင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

ရန်ကုန်မြို့တော်ကြီးတွင် တိုက်တာအဆောက်အအုံများ အပြိုင်အဆိုင်ထွက်ပေါ်လာသော်လည်းစုစုစည်းစည်းမကြည့်မိ၍ သာမန်မျှသာ တိုးတက်လာသည်ဟု ထင်မှတ်မှားမိခဲ့သည်။

ယခုမထင်မှတ်ဘဲ ဘွားခနဲ တစ်စုတစ်ဝေးတည်းဖြင့် မြင်လိုက်ရတော့မှ အံ့သြရတော့သည်။ ရန်ကုန်မြို့တော်အလှကို အပေါ်စီးက ကြည့်မိမှအားပါး လှလိုက်သည့်ဖြစ်ခြင်း။

ရန်ကုန်မြို့တော်၏အလှကိုအပေါ်စီးက ကြည့်ဖြစ်ရခြင်းအကြောင်းရင်းမှာ ပန်းချီပြပွဲဖိတ်စာကြောင့်ဖြစ်သည်။ ဆာကူရာတာဝါ အထပ် ၂၀တွင် မတ် ၂၅ ရက်မှ ဧပြီ ၉ရက်အထိ ဖွင့်လှစ်ပြသထားသည့် Myanmar Arts Exhibition သို့ လာရောက်ကြည့်ရှုရန် ဖိတ်ကြားခြင်းခံရ၍ ယင်းပန်းချီပြပွဲသို့ သွားဖြစ်ခဲ့ရာမှ ယခုလို ကြည့်မိခြင်းဖြစ်သည်။

လက်ရာစုံ

ဆာကူရာတာဝါ ပြခန်းကျယ်ကြီးထဲတွင် ပန်းချီကားပေါင်း ၆၀ကျော်ပြသထားသည်။ နာမည်ကျော် ပန်းချီပညာရှင်များလက်ရာမို့ ရောင်စုံဖူးပွင့်နေသော ပန်းဥယျာဉ်ကြီးထဲ ရောက်သွားသည့်အလား ခံစားရသည်။ ပန်းချီကားများမှာလည်း အရောင်စုံအသွေးစုံ၊ ကာလာစုံ ဆိုက်စုံ၊ အလင်းအမှောင်၊ အပူအအေး၊အနီးအဝေး၊ အချစ်အမုန်း၊ အနိမ့်အမြင့်၊ နေ့ည၊ ကျေးလက်တောသဘာဝနှင့် မြို့ပြလူနေမှုဘဝ ကဏ္ဍစုံကို လက်ရာစုံဖြင့်တင်ပြထားကြသည်။

ပန်းချီဆရာဦးမြင့်မောင်က ကိုရင်၊ ကျိုက်ထီးရိုး ပန်းချီကားဖြင့် မြန်မာ့ထေရဝါဒဗုဒ္ဓသာသနာကို အနုပညာဖြင့်ထွန်းကားပြန့်ပွားအောင် ကြိုးစားထားသလို ဦးသန်းကြွယ်က မေတ္တာပန်းချီကားဖြင့် မြတ်စွာဘုရားရှင်၏ မဟာကရုဏာတော်ကို ပေါ်လွင်အောင်ဖော်ကျူးထားသည်။

သဘာဝကျကျ

ဆရာဦးခင်မောင်ဆန်းကလည်း မန္တလေး ပန်းချီကျောင်းအုပ်ကြီးပီပီ **မန္တလေး ကျုံးမြို့ရိုးနှင့် ကြာရေကန်၊ မန်းတောင်၊ ကုသိုလ်တော်ဘုရားနှင့် မင်္ဂလာတံတား**တို့ကို တတ်သည့်ပညာဖြင့် သဘာဝကျကျ အနုစိတ်ခြယ်မှုန်းထားသည်မှာ မြန်မာတို့ ဘုန်းမီးနေလထွန်းပစဉ်က မင်းနေပြည်တော်မြို့ မန္တလေး၏ ထည်ဝါခံ့ညားပုံများကို ပြန်ပြောင်းတသ သတိရစေသည်။

ဆရာဦးကျော်သူရိန်၏ **ဘဝဝန်**၊ ဦးကျော်အုန်း၏ **ဈေးဝယ်အပြန်**၊ ဦးဉာဏ်ကြယ်လေး၏ **လှေနှစ်စင်း**၊ ဦးစိုးဝင်းအောင်၏ **လယ်တော**သို့ ပန်းချီ ကားများမှာ အခြေခံလူတန်းစားတို့၏ ဘဝအားမာန်ကို ဖော်ကျူးထားသော လက်ရာများဖြစ်သည်။

ဆရာဦးဇော်မင်း၏ **ပအိုဝ်းပျိုဖြူ**၊ ဦးမောင်ကျော်သန်း၏ **ပအိုဝ်းလေ့**နှင့် **နာဂမောင်** ပန်းချီကားတို့မှာ တိုင်းရင်းသားသွေးချင်းများ၏ သဘာဝနှင့် အလှကိုဖော်ကျူးသော ပန်းချီလက်ရာများဖြစ်သည်။

နွားလှည်း

နွားလှည်း ပန်းချီကားမှာ ဆရာဦးသက်ညွန့်၏ လက်ရာဖြစ်၍ မြန်မာဆန်ဆန် ပုသိမ်ထီးဆောင်းထားသူ လုံမပျို နှစ်ဦးက လှည်းပေါ်မှာ ပါလာသည်။ လှည်းလေးက တဖြည်းဖြည်းတောမြိုင်စွန်းသို့ ဝင်တော့မည်။ တောရိပ် တောင်ရိပ်ကလည်း အေးမြလှသည်။ သစ်ပင်ကြားမှာ ဝိုးတဝါး မပီတပီ ဖြာကျနေသည့် နေခြည်တန်းလေးကိုလည်း မြင်ရသည်။ ပြီးတော့ တောင်ပေါ်က ထုံးဖြူဖြူစေတီလေးကိုအဝေးကဖူးတွေ့ရသည်။ အေးမြလှသည့် မြန်မာ့ကျေးလက်သဘာဝအလှဖွဲ့ လက်ရာဖြစ်သည်။

ဆရာဦးကြီးမြင့်စော၏ **ဈေး၊ ရန်ကုန်ည၊ ရန်ကုန်မြို့လယ်ရှုခင်း** ပန်းချီကားများက မြို့ပြစရိုက်၊ မြို့ပြလူနေမှုသရုပ်သကန်ကို အရှိအတိုင်းသဘာဝကျကျဖော်ပြထားသည်။ မြို့ပြအလယ်အလတ်လူတန်းစားတို့၏နေ့စဉ်ဘဝကို မှတ်တမ်းတင်ထားသည်။ မြို့ပြဟူသည် ရပ်တန့်မနေ။ အမြဲလှုပ်ရှားပြောင်းလဲနေသည်။ ယခုအချိန် ဒီအတိုင်းရှိနေသော်လည်းနောင်ဆယ်နှစ်၊ အနှစ်နှစ်ဆယ်ကြာလျှင် ယခုအတိုင်းမရှိတော့။ပြောင်းလဲမှုဖြစ်စဉ်သဘောတရားအရ အရာအားလုံးပြောင်းလဲသွားမည်။ ပတ်ဝန်းကျင်မြင်ကွင်း၊ အဝတ်အစား၊ အပြုအမူ၊ အယူအဆတို့မှအစလွမ်းစရာလေးများဖြစ်ကျန်ရစ်ခဲ့မည်။ ကာလတစ်ခု၏ အဖြစ်အပျက်လေး တစ်ခုကို အမှတ်ထင်ထင် မှတ်တမ်းတင်ထားသော လက်ရာများဖြစ်သည်။

ဈေးဟူသည် လူမျိုးစုံသည်။ အိမ်ရှင်မအများဆုံးလာကြသည်။ယောက်ျားများလည်းပါသည်။ ရောင်းသူလည်းရှိသည်။ ဈေးသည်ဟူသည် လက်လုပ်လက်စားဘဝကို ကျေနပ်နေသူ အများစုဖြစ်သည်။ သူတို့သည် နံနက်ခင်း၏ လင်းရောင်ခြည်နှင့်အတူ လှုပ်ရှားတက်ကြွနေကြသည်။ လောကခံကို ကြံ့ကြံ့ခံ ရင်ဆိုင်ကြသည်။ မှိုင်တွေငေးငိုင်မနေ။ နေပူသည်ကိုလည်း ညည်းညူခြင်းမရှိ။ မိုးရွာလည်း သူတို့မမှု။ ထီးရိပ်ကလေးသည်သာ သူတို့နားခိုရာ။ သူတို့အလုပ်၊ သူတို့ဘဝကို သူတို့တန်ဖိုးထားသည်။ ဘဝကို အရှုံးမပေး။ မလျှော့သော ဖွဲ့၊ လုံ့လဖြင့် ရင်ဆိုင်နေကြသူများဖြစ်သည်။ လက်ရှိဘဝကို လက်ခံကြသူများမှာ ဈေးသည်များဖြစ်သည်။ ဤသည်ပင်လျှင် မြန်မာလူမျိုးတို့၏ စရိုက်ဖြစ်သည်။ ချစ်စရာကောင်းသော ဈေးသည်ဘဝ၊ဈေးသည်စရိုက်ကို ဆရာဦးကြီးမြင့်စောက အနုပညာလက်ရာမြောက်စွာခြယ်မှုန်းထားသည်။

လူ့ဘဝအားမာန်

ပန်းချီအနုပညာသည် အလင်းအမှောင်၊ အရောင်၊ ဖွဲ့စည်းမှုလောက်ကိုသာ စုတ်ချက်တင်သည်မဟုတ်။ သဘာဝအလှအပနှင့် လူ့ဘဝအားမာန်များကိုပါအနုပညာမြောက်စွာဖော်ကျူးခြယ်မှုန်းနိုင်မှ တန်ဖိုးရှိသည်။ တန်ဖိုးကြီးသည်။ ထိုတန်ဖိုးရှိသော၊ တန်ဖိုးကြီးသော လက်ရာမြောက်ပန်းချီကားများကို ဆာကူရာတာဝါ အထပ် ၂၀ တွင် ပြသထားသည်။ ရန်ကုန်မြို့တော်အလှကို အပေါ်စီးမှ ခံစားကြည့်ရှုရင်း မြန်မာ့အလှအပတို့ စုဝေးရာ ဆာကူရာတာဝါ ပန်းချီပြပွဲ၏ အနုပညာလက်ရာကို တစ်ပါတည်း ခံစားကြည့်သင့်ကြောင်းသတင်းကောင်းပါးလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)



ဆရာဦးမြင့်မောင်က မြန်မာပန်းဆယ်မျိုးဝင် ပန်းပုလက်ရာ ကနုတ်ပန်းနှင့် သဘာဝပန်းတို့၏ အလှကို စာပေအလင်းရောင်ဖြင့် ယှဉ်တွဲဆက်စပ်ဖော်ပြထားသည်။

ဓာတ်ပုံလက်စွမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ဆရာဦးကျော်အုန်းက ဈေးဝယ်အပြန်တို့၏ သဘာဝကို တိုင်းရင်းသားတို့၏ ရိုးသားမှုအလှနှင့် ဤသို့ပေါင်းစပ်ထားသည်။

ဓာတ်ပုံလက်စွမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ကံ့ကော်မြိုင်သာသနာ့ရိပ်သာတရားစခန်း

ရန်ကုန် ဧပြီ ၃

သင်္ဃန်းကျွန်းမြို့နယ် (ဇ/တောင်)ရပ်ကွက် ကံ့ကော်မြိုင်သာသနာ့ရိပ်သာစာသင်တိုက် (၁၄)ကြိမ်မြောက် ဝိပဿနာ(၁၀)ရက် တရားစခန်းကို ဧပြီ၈ရက်မှ၁၇ရက်အထိ ဖွင့်လှစ်မည် ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများ ဧပြီ၄ရက်ညနေ၅နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်းသိရသည်။ **(က-ပ)**

လောင်စာတွေကိုရှင်း
မီးဘေးအန္တရာယ်ကင်း

မတ် ၂၈ရက်က မရမ်းကုန်းမြို့နယ် အလက(၂)၏ ၂၀၀၃-၂၀၀၄ခုနှစ် အလယ်တန်းဆင့်သင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်ပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ဆွေက အဋ္ဌမတန်းကျောင်းသားမောင်အိုင်ခွန်းမိန်းအားသင်ယူပြီးမြောက်ခြင်းလက်မှတ်ပေးအပ်စဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလပြည့်နေ့
(ဥပုသ်နေ့)
၄-၄-၂၀၀၄ ရက်(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာ ဂါရိကဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၅ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ

၈:၀၅ ၇။ အတီးပြိုင်ပွဲ

၈:၁၅ ၈။ ဟင်းရွက်ရေလှောင်တမံ

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ Say It In English

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်

၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၃၀)

၁၂:၁၅ ၅။ သံလွင်တံတား(မော်လမြိုင်)တည်ဆောက်ရေး ဂုဏ်ပြုအစီအစဉ်(၂)

၁၂:၃၀ ၆။ မြန်မာ ဗီဒီယိုဇာတ်လမ်း **"သူများပြောတိုင်းတို့မယုံ"** (လွင်မိုး၊ခိုင်သင်းကြည်၊) ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)

၁၄:၁၅ ၇။ တေးဂီတအစီအစဉ်

၁၄:၃၀ ၈။ ဇိုက္ကရဲရေထိန်းတံခါး

၁၄:၄၅ ၉။ International News

၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ English For Everyday Use

၁၆:၄၅ ၄။ သာယာချိုအေး(၃၈)ဖြာမင်္ဂလာတေး

၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)

၁၇:၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ

၁၇:၃၀ ၇။ တေးဂီတအစီအစဉ်

၁၇:၄၅ ၈။ တောင်းဆုပြည့်စုံ မြတ်ရွှေတိဂုံ (အပိုင်း-၁)

၁၇:၅၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်

၁၈:၃၀ ၁၀။ ညနေခင်းသတင်း

၁၉:၀၀ ၁၁။ မိုးလေဝသအခြေအနေ

၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၁)

၁၉:၃၅ ၁၃။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား

၁၉:၄၅ ၁၄။ ပညာဝါရမီ ကုသိုလ်တော်နတ်လူသာခုခေါ်

၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း

၁၆။ နိုင်ငံတကာသတင်းများ

၁၇။ မိုးလေဝသအခြေအနေ

၁၈။ မြန်မာဗီဒီယိုဇာတ်လမ်း **"နှောင်ကြိုး၏လက်ဆောင်"** (အပိုင်း-၂) (လွင်မိုး၊အောင်လွင်၊ နန္ဒာလှိုင်) ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်)

၁၉။ မင်းကွန်းဆရာတော်ဘုရား ကြီးဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

၂၀။ နောက်တစ်နေ့အစီအစဉ်

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

အမေရိကန်ပြည်ထောင်စု၊ Los Angeles မြို့နေ
ဦးတင်ထွဋ်–ဒေါ်ခင်အေးကြွယ် တို့၏ သား

မောင်အောင်အေးထွဋ်

နှင့်

ရန်ကုန်မြို့၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်နေ
ဒေါက်တာ သန်းအောင်–ဒေါက်တာဒေါ်မှီမှီသိမ်း တို့၏ သမီး

မမြတ်သဉ္ဇာအောင်

တို့၏ ၃–၄–၂၀၀၄ ရက်(စနေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel(Grand Ball Room) ခန်းမ၌ကျင်းပခဲ့သော မင်္ဂလာညှော်ခံပွဲသို့ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်တို့ကိုချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ၈–၂–၂၀၀၄ ရက်(တနင်္လာနေ့)တွင် အင်္ဂလန်နိုင်ငံ မြန်မာသံရုံး၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော အင်္ဂလန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါက်တာဦးကျော်ဝင်းနှင့်ဇနီး၊ မင်္ဂလာညှော်ခံပွဲနှင့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ပေးကြသော တပ်မတော်နှင့် နယ်ဘက် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ ဒေါ်နွဲ့ယဉ်ဝင်း၊ မေတ္တာဖြင့် မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ဒေါ်ဟေမာနေဝင်း၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးသော Evening Star တေးဂီတအဖွဲ့၊ မင်္ဂလာပန်းခြင်းကိုင်ဆောင်ပေးသော ဇင်ဇင်ရဲနိုင်နှင့် ဧကရီရဲနိုင်၊ မိတ်ကပ်အလှဖန်တီးရှင် အောင်အောင်၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော မဥ္ဇူ၊ မေတ္တာဖြင့် ကူညီပေးသော ဓာတ်ပုံ ဦးစန်းအောင်၊ Video၊ ဓာတ်ပုံ မောင်မောင်ညွှပ်၊ Sedona Hotel ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်အေးထွဋ်–မမြတ်သဉ္ဇာအောင်။

လက်ထပ်ပြီးစီးခြင်း

အင်းစိန်မြို့နယ် (၈)ရပ်ကွက်၊ အမှတ် (၂၅)နေ၊ ပြန်ကြားရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးသိန်းစိန် + ဒေါ်ခင်ခင်မေ တို့၏သားထွေး

မောင်သိန်းအောင်ဆော် B.A (Myanmar) Final A. G. T. I

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV - 3) နှင့်

စမ်းချောင်းမြို့နယ်၊ ဇလွန်လမ်း၊ အမှတ်(၄၆)နေ၊ လက်ထောက်ကထိက(ငြိမ်း)
ဦးရဲတင်+ ဒေါ်မြင့်ရီတို့၏သမီးကြီး

မစုစုညို B.A (History)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV - 3) တို့သည်
(၂၂-၃-၂၀၀၄)ရက်နေ့တွင် တရားသူကြီးချုပ် ဦးအောင်တိုး၏
ရှေ့မှောက်၌ လက်ထပ်ပြီးစီးပါ၍ (၂-၄-၂၀၀၄)နေ့တွင်
ဒဂုံရိပ်သာဟိုတယ်တွင် မင်္ဂလာဦးဒါနဆွမ်းကျွေးနည်းဖြင့်ပြီးမြောက်ပါသည်။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊
ရွှေတောင်ကြားလမ်း၊အမှတ် ၄၀ နေ
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန
ဒုတိယဗိုလ်မှူးကြီးထွေးမောင်(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်–
ဒေါ်မြစန်း (အထက်တန်းပြ၊ ငြိမ်း) တို့၏သားကြီး

မောင်သန့်ဇော်ထွေး B.Sc (Botany)Q, (DBS)
သရဝဏ်အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်

နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၁၁၅ နေ
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်မှူးကြီးတင်ထွန်း(ငြိမ်း)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
ဥက္ကဋ္ဌ ဒဂုံဆိပ်ကမ်းမြို့ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်–ဒေါ်ဝေဝေသန်း
တို့၏သမီးကြီး

မဆွေဇင်ထွန်း B.Sc (Botany)Q, (DBS)
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

တို့သည်

နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၂–၄–၂၀၀၄ ရက်နေ့တွင် လက်မှတ်ရေးထိုးပြီး၊ ၃–၄–၂၀၀၄ ရက်နေ့တွင် ရန်ကုန်မြို့၊ ယုဇနဂါးဒင်း ဟိုတယ်၌ ထိမ်းမြားမင်္ဂလာအခမ်းအနားကျင်းပပြီး ဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန့်ဇော်ထွေး–မဆွေဇင်ထွန်း။



ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုစတာ၊ ကာတွန်းပြိုင်ပွဲဝင် ဆုရသူများ ဆုချီးမြှင့်

မော်လမြိုင် မတ် ၂၇

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားနှင့် အထိမ်းအမှတ်အဖြစ် ပိုစတာ၊ ကာတွန်းပြိုင်ပွဲဝင်များ ဆုပေးပွဲအခမ်းအနားကို မတ် ၂၄ ရက်က မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ရာမညခန်းမဆောင်တွင် ကျင်းပရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက် အဖွင့်အမှာစကားပြောကြားသည်။ (ယာပုံ)

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ဆောင်ပုဒ်နှင့်စပ်လျဉ်း၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးတင်ဝင်းကျော်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆုပေးပွဲကိုကျင်းပရာ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အထက်တန်းဆင့် ပိုစတာပြိုင်ပွဲတွင်ဆုရကျောင်းသားကျောင်းသူများကိုလည်းကောင်း၊ တိုင်းမှူး၏ဇနီး ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနာယက ဒေါ်သန်းသန်းနွဲ့က အလယ်တန်းဆင့် ကာတွန်းပြိုင်ပွဲ ဆုရကျောင်းသားကျောင်းသူများကိုလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ပေးအပ်ပြီး ပြခန်းအား လိုက်လံကြည့်ရှုကြသည်။

ယင်းနောက် အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးတို့က မော်လမြိုင်မြို့ သာယာအေးရပ်ကွက်ရှိ သာယာအေး ဒေသန္တရကျန်းမာရေးဌာနတွင် ဆေးကုသခံနေကြသည့် လူနာများကို ဌာနဆိုင်ရာ တာဝန်ရှိသူတို့နှင့်အတူ လူနာများအား ဆေးပေးခြင်းနှင့် ဆေးတိုက်ခြင်းများ ပြုလုပ်ကြသည်။ **(၁၆၈)**

ကျောက်မဲ ဗဟိုဈေးကြီး စုပေါင်းသန့်ရှင်း

ကျောက်မဲ မတ် ၂၅

(၅၉)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျောက်မဲမြို့ ဗဟိုဈေးကြီးအတွင်းအပြင် သန့်ရှင်းရေးနှင့် ဈေးအပြင် ရေနုတ်မြောင်းများတူးဖော်ခြင်းကို မတ် ၂၀ ရက် နံနက် ၇ နာရီက ဗဟိုဈေးကြီး၌ ပြုလုပ်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ကျောက်မဲ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဗဟိုဈေးသာယာရေးကော်မတီ၊ ဈေးသူဈေးသားများ၊ ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြသည်။ အဆိုပါ ဆောင်ရွက်မှုများကို မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပုလဲမြို့နယ် အင်းကန်အုပ်စု ကျေးရွာစာကြည့်တိုက်များဖွင့်

ပုလဲ မတ် ၃၀

ပုလဲမြို့နယ် အင်းကန်အုပ်စု၊ စပါးစေ့ကျေးရွာ "ဖူးပွင့်ဝေ"ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မတ် ၂၇ ရက် နံနက် ၉နာရီက အဆိုပါ စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

ယင်းနောက် အင်းကန်အုပ်စု အင်းကန်ကျေးရွာ"ဘဝအလင်း"ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို နံနက် ၁၁ နာရီတွင်လည်းကောင်း၊ သပြေကုန်းကျေးရွာ "သပြေညွန့်"ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မွန်းလွဲ ၂ နာရီတွင် လည်းကောင်း ဖွင့်ပွဲများ အသီးသီးကျင်းပကြသည်။

အဆိုပါ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲများတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထင်ကျော်အေးက အဖွင့်အမှာစကားပြောကြား၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးငြိမ်းမောင်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ရေရှည် တည်တံ့ခိုင်မြဲရေး၊ ပြည်သူအား အကျိုးပြုနိုင်ရေး စသည်တို့ကို ဆွေးနွေးပြီး ကျေးရွာဥက္ကဋ္ဌ ဦးထွန်းဝင်းက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇလွန်မြို့နယ် မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေး လုပ်ငန်း စက်သုံးဆီအရောင်းဆိုင် အမှတ် (၀၁၄၆)မှ လက်ထောက်မန်နေဂျာ ဦးထွန်းလင်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ တာဝန်ခံ ဦးတင်မြနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ မတ် ၂၀ ရက်က မီးဘေးကြိုတင် ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ကြစဉ်။ (၁၂၈)

မတ် ၂၀ရက်က တွံတေးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြန်မာ့ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး တွံတေးမြို့နယ်မန်နေဂျာရုံးတို့ ပူးပေါင်း၍ တွံတေးမြို့နယ်အမှတ် ၂၀၂ တန်(၅၀)ကျ ဆန်စက်တွင် လက်ထောက်တိုင်း မန်နေဂျာ ဦးတိုးမြင့်အောင်၊ မြို့နယ်မန်နေဂျာ ဦးမြင့်ဝေ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးတင့်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ဆေးဘူးအသုံးပြုပုံနှင့် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြဆောင်ရွက်ကြစဉ်။

(မြို့နယ် ပြန်/ဆက်)



အမြို့မြို့ အနယ်နယ် သတင်းများ

အိမ်မဲမြို့နယ် ညောင်ဝိုင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ပညာရည်ချွန်ဆုပေးပွဲကို မတ် ၃၁ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မခိုင်စံပယ်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်မြင့်က ပညာရည်ချွန် စလွယ်ဆု ချီးမြှင့်စဉ်။ (က-ပ)

ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဆေးကုသခံလူနာများအား ကြည့်ရှုအားပေး

မြောက်ဦး မတ် ၂၈

ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးခင်အောင်ချို မတ် ၂၆ရက်က မြောက်ဦးမြို့ ထမ္မရာဇ်မြို့ကွက်သစ်ရှိ မြောက်ဦးမြို့နယ် ၂၅ ခုတင်ဆံ့ ဆေးရုံသစ်သို့ သွားရောက်၍ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ဦးစိန်လှိုင်၊ ဆရာဝန် ဆရာမများနှင့်အတူ လူနာဆောင်များသို့ လှည့်လည်ကြည့်ရှုကြပြီး အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေကြသော လူနာများအား အားပေးစကားပြောကြားပြီး ဆေးရုံအခန်းများ သုံးစွဲမှု၊ ဆေးရုံသစ်ရှေ့မျက်နှာစာ ပန်းခြံနှင့်ပတ်ဝန်းကျင်ပိုမိုစိမ်းစိုသာယာလှပရန် ပန်းမန်ပင်များနှင့်စိမ်ကိန်းဝင်သစ်ပင်များကို တိုးချဲ့၍ အကွက်ချပုံစံစိုက်ပျိုးရန် မှာကြားသည်။ **(အောက်ပုံ)**

ပြည်နယ် ကျန်းမာရေးဦးစီးမှူးသည် အလားတူပင် ပုဏ္ဏားကျွန်း၊ ကျောက်တော်မြို့နယ် ဆေးရုံများ၊ စစ်တွေ မြောက်ဦး ကားလမ်းတစ်လျှောက်ရှိ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ မင်းပြားမြို့နယ် ဆေးရုံနှင့် မြောင်းဘွေ တိုက်နယ်ဆေးရုံများသို့လည်း သွားရောက်၍ လူနာများကိုကြည့်ရှုအားပေးစကားပြောကြားပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(၉၄)**

မတ် ၂၂ ရက်က ၂၀၀၃-၂၀၀၄ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို အထက(၁) ပဲခူးမြို့တွင်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းမြင့်က အဋ္ဌမတန်းကျောင်းသူ မခင်နှင်းဝေဝေလွင်အား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။(မြို့နယ် ပြန်/ဆက်)

ရေကြည်မြို့နယ် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

ရေကြည် မတ် ၃၁

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရေကြည်မြို့နယ် ချောင်းဖျားကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲတို့ကို မတ် ၂၇ရက် မွန်းလွဲ ၁နာရီက ကျေးရွာဆေးပေးခန်း၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်မြစီနှင့် ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဟန်သိန်းတို့က အမှာစကားပြောကြားကြပြီး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက စာကြည့်တိုက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အခမ်းအနားတွင် မျိုးဆက်ပွားကျန်းမာရေးစီမံချက် ဟောပြောပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်မြစီနှင့်အဖွဲ့က ဟောပြောကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကြီးကြပ်ဆောင်ရွက်

မတ် ၂၅ ရက်က တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာ ကောင်းမွန်စေရေးအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် မြေတူးစက်ဖြင့် ရေနုတ်မြောင်း တူးဖော်မှုကို အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

နှစ် (၂၀)မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ Captain ဦးလှအောင် (Marine Manager) Eastwind Ship mangement Pte. Ltd., Singapore နှင့် ချစ်မေမေ ဒေါ်ခင်သန်းနွယ်တို့၏ ၄-၄-၂၀၀၄ရက်တွင် ကျရောက်သော နှစ် ၂၀မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သမီးများနှင့်အတူ ပျော်ရွှင်စွာဖြတ်သန်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးများ

နွယ်နွယ်အောင်	First Year, ECC (Nanyang Polytechnics) Singapore
ဆုရည်အောင်	Secondary 4(Bukit Merach Secondary School)Singapore
လှယမင်းသွယ်	Primary 2 (CHIJ, “Kellock” Singapore

ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမြစ်ကြီးနားမြို့
တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်းသုံးနှစ်လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင်

လေလံတင်ရောင်းချရန်ကြော်ငြာ

ကချင်ပြည်နယ်အတွင်းရှိ လက်ရှိတံတားအသုံးပြုခကောက်ခံနေသော နိုင်ငံတော်ပိုင် တံတားသုံးစင်း၏ ၂၀၀၄-၂၀၀၅ခုနှစ်မှ၂၀၀၆-၂၀၀၇ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်း လုပ်ငန်းသုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့်တံတားများ**
(၁) ဗလမင်းထင်တံတား(မြစ်ကြီးနားမြို့)
(၂) မိုးကောင်းတံတား(မိုးကောင်းမြို့)
(၃) ရွှေလီတံတား(ရွှေကူမြို့)

(ခ) **လေလံလျှောက်လွှာဝယ်ယူရရှိနိုင်သည့်နေရာ**
ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ စီးပွား-၂၊ဌာနခွဲ(ဖုန်း-၀၇၄-၂၂၆၅၄)

(ဂ) **လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ**
ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ စီးပွား-၂၊ဌာနခွဲ(ဖုန်း-၀၇၄-၂၂၆၅၄)

(ဃ) **လေလံဆွဲဝယ်ခွင့်လျှောက်လွှာ စတင်လက်ခံမည့်ရက်၊ အချိန်**
၂၈-၃-၂၀၀၄ရက်(တနင်္ဂနွေနေ့)နံနက်(၁၀း၀၀)နာရီ

(င) **လေလံတင်သွင်းရန် နောက်ဆုံးအချိန်**
၁၉-၄-၂၀၀၄ရက်(တနင်္လာနေ့)ညနေ (၁၆း၀၀)နာရီ

(စ) **လေလံတင်ရောင်းချမည့်နေ့ရက်**
၂၁-၄-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက်(၁၀း၀၀)နာရီ

(ဆ) **လေလံတင်ရောင်းချမည့်နေရာ**
မြို့တော်ခန်းမ၊ မြစ်ကြီးနားမြို့

မှတ်ချက်။ လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ကချင်ပြည်နယ်တံတားများအသုံးပြုခွင့်လိုင်စင်လေလံတင်ရောင်းချရေးကြီးကြပ်အဖွဲ့
မြစ်ကြီးနားမြို့။

သူရိယသက်န်းပရိက္ခရာ

ပစ္စည်းမှန်၊ ဈေးနှုန်းမှန် အထူးအာမခံ
သူရိယသက်န်းပရိက္ခရာ
ခေတ်မီဒီဂျစ်တယ်ဓာတ်ပုံနှင့် ကွန်ပျူတာပုံနှိပ်လုပ်ငန်း
ဗိုလ်ချုပ်လမ်း၊ တာချီလိတ်မြို့။

ဝန်ထမ်းအမြန်အလိုရှိသည်

(ပြည်တွင်း၌ ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ Sales Supervisor ကျား (၃) ဦး

(၁)ဘွဲ့တစ်ခုခုရရှိပြီးဖြစ်ရမည်။ (၂) ၎င်းရာထူးတွင် လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။ (၃)ရုပ်ရည်အသင့်အတင့်ရှိသူဖြစ်ရမည်။ (၄)နယ်ခရီး ထွက်နိုင်သူဖြစ်ရမည်။ (၅) လူမှုဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ (၆) ကွန်ပျူတာ အသုံးပြုနိုင် ရမည်။

၂။ Marketing Executive ကျား (၂) ဦး

(၁)ဘွဲ့တစ်ခုခုရရှိပြီးဖြစ်ရမည်။ (၂) ၎င်းရာထူးတွင် လုပ်ငန်းအတွေ့အကြုံ သုံးနှစ်ရှိရမည်။ (၃)ရုပ်ရည်အသင့်အတင့်ရှိသူဖြစ်ရမည်။ (၄)နယ်ခရီး ထွက်နိုင်သူဖြစ်ရမည်။ (၅) Marketing Diploma သို့မဟုတ် Certificate ရှိရမည်။ (၆)ကွန်ပျူတာ အသုံးပြုနိုင်ရမည်။

၃။ Sales Representaive ကျား (၁၀)ဦး

(၁)ဘွဲ့တစ်ခုခုရရှိပြီးဖြစ်ရမည်။ (၂)လူသုံးကုန်ပစ္စည်း ဖြန့်ဖြူးရေး လုပ်ငန်းတွင် လုပ်ငန်းအတွေ့အကြုံ နှစ်နှစ်ရှိရမည်။ (၃)ရုပ်ရည်အသင့်အတင့် ရှိသူဖြစ်ရမည်။ (၄)နယ်ခရီးထွက်နိုင်သူဖြစ်ရမည်။ (၅) ကွန်ပျူတာအခြေခံရှိသူ ဖြစ်ရမည်။

အသက်ကန့်သတ်ချက်အနေဖြင့် အမှတ်စဉ်(၁)နှင့်(၂)အတွက် အသက် ၃၀ နှစ်ထက် မကျော်လွန်စေရ။ အမှတ်စဉ်(၃)အတွက် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ၊ လျှောက်ထားလိုသူများသည် ကြော်ငြာပါသည့်နေ့မှ ခုနစ်ရက် အတွင်း ဓာတ်ပုံနှစ်ပုံ၊ စာရွက်စာတမ်း အထောက်အထားများ၊ သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ အောက်ပါလိပ်စာသို့ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။ အထက်ပါအရည်အချင်းများနှင့် မကိုက်ညီ သူများ လျှောက်ထားရန်မလိုပါ။

ဥရောပ-အာရှကော်မာရှယ်ကုမ္ပဏီလီမိတက်(ရန်ကုန်)
အမှတ် ၂၈၊ ဗန်းမော်အတွင်းဝန်လမ်းနှင့် ဦးဖိုးလှိုင်လမ်းထောင့်၊
စက်မှုဇုန်(၃) လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၆၈၅၄၅၄၊ ၆၈၅၄၅၉

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးထွန်းအောင် (အထွေထွေမန်နေဂျာ-ငြိမ်း၊
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-ဒေါ်ခင်မာလေး
တို့၏သားကြီး
မောင်ကျော်စိန်ထွန်း
နှင့်
ရန်ကုန်မြို့နေ (ဦးသန်းထွင်၊ ဒုဌာနမှူး-ငြိမ်း၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊
မြို့တော်စည်ပင်)-ဒေါ်ခင်လှရွှေ(ဒဂုံမြို့နယ်ပညာရေးမှူး-ငြိမ်း)
တို့၏သမီးလတ်
မယဉ်ဦးခင်

တို့၏ ၂၈-၃-၂၀၀၄ ရက်နေ့ Dusit Inyalake Hotel၌ ကျင်းပခဲ့သော မင်္ဂလာညည့်ခံပွဲတွင် မေတ္တာဖြင့် လက်ဖွဲ့ပေးပို့ချီးမြှင့်သော ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဇနီး ဒေါ်မြင့်မြင့်ကို၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဇနီးဒေါ်မြသန်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော အထက(၁) ဒဂုံကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်နှင့်ဇနီး ဒေါ်ခင်မေအိ၊ မင်္ဂလာညည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်မလာရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ အသိအမှတ်ပြုကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲအောင်မြင်ပြီးမြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာဖြင့် ဂါရဝပြု ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်စိန်ထွန်း-မယဉ်ဦးခင်

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ်(ဆ/က)ရပ်ကွက် နိုင်ငံသား အရည်အချင်းပြည့်မီသူများ နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၉ ရက်က အမက(၉)ကျောင်း၌ ကျင်းပရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဌာနမှူး ဦးစန်းဝေက နိုင်ငံသား စိစစ်ရေးကတ်ပေးအပ်စဉ်။(ဝ၅၂)

ရန်ကင်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးဘကြည် (ငြိမ်း) ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက် စုပေါင်းဒုလ္လဘရဟန်းခံရှင်ပြုအလှူတော် မင်္ဂလာကို မတ် ၂၇ ရက်က ရန်ကင်း မြို့နယ် အမှတ်(၈)ရပ်ကွက် နှင်းဆီလမ်း အောင်သုခဗိမာန် ပရိယတ္တိစာသင်တိုက် သာသနာရုံသီသိမ်တော်၌ ကျင်းပစဉ်။
(က-ပ)

သြဝါဒါစရိယ ဆရာတော် ဦးသုမင်္ဂလာဘိဝံသ၏ သြဝါဒခံယူကာ ဆရာတော် ဒေါက်တာ အရှင်ဓမ္မပီယ(ဓမ္မာစရိယ)ကြီးမှူး၍ မတ် ၇ရက်က သင်္ဃန်းကျွန်း မြို့နယ် ၁၆/၃ ရပ်ကွက် ငါးကျမ်းပြန် ထားဝယ်သာသနာ့ရိပ်သာတွင် နွေရာသီ ကျောင်းသားကျောင်းသူ ၁၆၀ ကျော်အား ရှင်သာမဏေနှင့် သီလရှင်ဝတ်ပွဲ ကျင်းပပြီး ယဉ်ကျေးမှုအခြေပြု သင်တန်းဖွင့် လှစ်စဉ်။ (၁၃၈)

ထားဝယ်အသင်း ထပ်ဆင့်ဂုဏ်ပြုပွဲကျင်းပ

ရန်ကုန် ဧပြီ ၃

ထားဝယ်အသင်း ထပ်ဆင့်ဂုဏ်ပြုပွဲကိုမတ် ၂၉ရက်က ကျင်းပရာ ထားဝယ်အသင်းဥက္ကဋ္ဌ ဦးဖေညွှန့်က ထပ်ဆင့်ဂုဏ်ပြုပွဲပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ချီးမြှင့်ပေးအပ်

အခမ်းအနားတွင် နာယက ဦးလှ

တင်က စီမံထူးချွန်(တတိယဆင့်) ရရှိသည့် ဦးအောင်ခိုင်အား ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ် ချီးမြှင့်ပေးအပ်သည်။ **(အောက်ပုံ)**

ဆက်လက်၍ လူမှုထူးချွန်တံဆိပ် (ဒုတိယဆင့်)ရရှိသည့် ဒေါ်ခင်စိုးဝင်း၊ လူမှုထူးချွန်တံဆိပ် (တတိယဆင့်) ရရှိသည့် အသက် ၁၈ နှစ်အောက် မြန်မာ့လက်ရွေးစင် ဘောလုံးသမား မောင်နိုင်ဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပသည့် နိုင်ငံတကာ ပန်းပုပြိုင်ပွဲတွင် ရွေးချယ်ခံရသည့် ယဉ်ကျေးမှု တက္ကသိုလ်မှ ကထိက (ပန်းပု) ဦးအောင်ဆင့်၊ (၅၉) နှစ်မြောက်တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ အထက်တန်းဆင့်၊ ဗဟို အဆင့်အထူးဆုရရှိသည့် မောင်ဆုပိုင်ထွန်းတို့အား ဆုတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ်များကို နာယကများက ပေးအပ်ကြသည်။ **(က-ပ)**

အင်းစိန်အလက(၄)အခြေခံပညာ မူလတန်း၊ အလယ်တန်းဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ပွဲကို မတ် ၂၆ ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်ကြည်က သင်ယူပြီးမြောက်ခြင်း လက်မှတ် ပေးအပ်စဉ်။ (၀၄၆)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်၊ ၃၂ လမ်း၊ ၈၇ X ၈၈ လမ်းကြား၊ ပုတ္တန်းရပ်နေ
ဒေါ်နန်း ၏ မြေး
ဦးသိန်းထွန်းအောင်-ဒေါ်သီတာလွင်
တို့၏ တစ်ဦးတည်းသောသား
ဦးသိန်းဦး-ဒေါ်မိမိခိုင်
တို့၏တူသား
မောင်ရဲမင်းထက် (Final Part I)
မန္တလေးဆေးတက္ကသိုလ်
နှင့်
ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊
အမှတ် ၃၆၄/၃၆၅၊၃၆၆/၃၆၇ အဆင့်မြင့် ၅ ရပ်ကွက် မဟာဆွေ ၆လမ်းနေ
ဦးရွှေ-ဒေါ်ကြင်လှ (မအူပင်စက်ပစ္စည်းဆိုင်)
တို့၏ တစ်ဦးတည်းသောသမီး
ဦးထွန်းဝင်း-ဒေါ်တင်တင်နွဲ့(မန်းဇေရာဝတီ)
တို့၏တူမသမီး
နော်ယုကေခိုင် B.A (Eco-Q)

တို့သည် ၂၈-၃-၂၀၀၄ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

မောင်ရဲမင်းထက်-နော်ယုကေခိုင်

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဦးခင်ဝင်း(သတင်းနှင့်စာနယ်ဇင်း၊ ငြိမ်း)-ဒေါ်ခင်ခင်လေး
(ကုန်သွယ်/အထွေထွေ၊ ငြိမ်း)တို့၏ သားလတ်
မောင်အောင်ဇော်မိုး
B.E (Petroleum Engineering) YTU
M.Sc (Petroleum Engineering) NTNU Trondheim
TOTAL E & P Myanmar
နှင့်
ရန်ကုန်မြို့နေ ဦးတင်ညို (ဒုအထွေအထွေမန်နေဂျာ ရိုးမဘဏ်)-ဒေါ်ရီရီလှိုင် တို့၏သမီး
မခင်လှိုင်ထူးညို @ ထူးထူး
B.A. (Eco.) Dip. in Accounting (LCCI)
LT Resources Co., Ltd

တို့၏ ၂-၃-၂၀၀၄ ရက်နေ့ Traders Hotel၌ကျင်းပသော မင်္ဂလာညစ်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးသော ဇပဟိုဆေးသိုလှောင်ရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဦးမြင့်သောင်းနှင့်ဇနီး ဒေါက်တာဒေါ်ဝင်းဝင်းချို၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ် ဒုအထွေထွေမန်နေဂျာ ဦးသန်းလွင်ဦးနှင့်ဇနီးဒေါ်ခင်မျိုးအေး၊ ၂၉-၂-၂၀၀၄ တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးလက်ထပ်ပေးသော တရားသူကြီး ဦးညိုထွန်း၊ မင်္ဂလာပန်းကြဲပေးသော မသက်သက်အိ၊ သတို့သား၊ သတို့သမီးအရန် မောင်စိုးပိုင်ဝင်းနှင့် မရည်မွန်ကျော်၊ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုး မိတ်သင်္ဂဟများ၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်ပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှကူညီပံ့ပိုးပေးသော မသန်းသန်းဝင်း၊ မနိုင်၊ မခိုင်ဖြူလွင်နှင့် Traders Hotelမှ ဝန်ထမ်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အောင်ဇော်မိုး-မခင်လှိုင်ထူးညို

ရှုပ်ရှပ်ကိုင်ပါ
T.V. Video Monitor
၈၁-၄၉၀၂၉၃

Zaw Win & Associates
Z. & A. Car Rental

မိဘအမည်မှန်

ကျိုင်းတုံမြို့ အထက(၃)၊ သတ္တမတန်းမှ မောင်ရန်နောင်ထွန်း၏ မိဘအမည်မှန်မှာ ဦးဆန်းဝင်း-ဒေါ်ကြည်ကြည်လင်းဖြစ်ပါသည်။

Thingyan. Water Festival @ Myanmar New Year
Come and enjoy our Water Festival
Thingyan Holiday Packages available right now!
(Inbound Program Only)

- Chiang Mai/Bangkok/Singapore-Yangon-Mandalay-Yangon-Singapore/Bangkok/Chiang Mai
  - 6 Days/ 5 Nights (13th to 18th April'04)
  - 5 Days/ 4 Nights (11th to 15th April'04)
  - 3 Days/ 2 Nights (13th to 15th April'04)
- Chiang Mai-Mandalay-Yangon- Chiang Mai
  - 4 Days/ 3 Nights (15th to 18th April'04)
- For further information, please kindly contact:

Myanmar Travels & Tours (M.T.T)
Union of Myanmar Travel Association
Myanmar Hoteliers' Association

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်လှခင် ၁၂/ကမတ(နိုင်)၀၁၀၉၃၄ အမှတ်(၁၃)၊ နိဗ္ဗာန်လမ်း၊ ကြည့်မြင်တိုင်မြို့နယ် နေထိုင်သူက သားဖြစ်သူ မောင်ကျော်မင်း ၁၂/ကမတ(နိုင်)၀၁၀၄၁၉ သည် မိခင်အား အကြိမ်ကြိမ် စိတ်ဆင်းရဲကိုယ်ဆင်းရဲပြုမူခဲ့သည့်ပြင် နေအိမ်မှဆင်းသွားပါ၍ သားအဖြစ်မှ ရပ်စဲပါကြောင်း၊ မောင်ကျော်မင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် အမွေစား အမွေခံအဖြစ်မှ ပြတ်စဲပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးစိန်လှိုင် Advocate (၂၀၁၆)
အမှတ် ၈၃/၁၁၊ ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၇၇၇၁၄

မော်တော်ဆိုင်ကယ် မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း

ယာဉ်အမှတ် ကသ/၁၂၄၄ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူ ဦးသန်းထွေး ၆/ထဝန(နိုင်)၀၇၆၂၂၄ က မော်တော်ဆိုင်ကယ်မှတ်ပုံတင်ခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူသည် သတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ ၁၅ ရက်အတွင်း ကညန၊ (ထားဝယ်)ခရိုင်ရုံးသို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ ခရိုင်ရုံး(ထားဝယ်)

HLA THIT SAR
(ESTABLISHED : 1979) ✆ 527345
RADIO. CASSETTE. TV . VIDEO
537354 ✆ TRAINING CENTRE ✆ 500496
လှသစ္စာ

ကျေးဇူးဆပ်ပါမည် ကျွန်တော်၏ နိုင်ငံကူးလက်မှတ် ၃၄၈၅၂၉ သည် သွားလာရင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာသို့ ဆက်သွယ်အကြောင်းကြားပါရန်။ **ကိုထွေးမြင့်(ခ)အိနိုင် ဖုန်း-၇၀၉၁၈၅**

အများသိစေရန်

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် 13F²၊မြေကွက်အမှတ် VIIမြေပိုင်မြေအကျယ် ၂၅ပေx ပေ၅၀ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ကျောက်တံတားမြို့နယ် (၅)ရပ်ကွက်၊ ၃၇လမ်း၊ အမှတ် (၁၆၄)ဟု ခေါ်တွင်သော နှစ်ခန်းတွဲ(၃)ထပ်တိုက်ရှိအခန်း(၆)ခန်းသည် (အပျောက်) အခန်းများဖြစ်ပြီး တိုက်ရှင် ဒေါ်လှမြင့် တစ်ဦးတည်းထံ အိမ်လခပေးဆောင်ရကြောင်း ကြေညာအပ်ပါသည်။

အိမ်/မြေပိုင်ရှင်- ဒေါ်လှမြင့်
၁၂/တမန(နိုင်) ၀၉၃၇၇၂

THREE STAR

Air-Con၊ ရေခဲသေတ္တာ တပ်ဆင်၊ ပြုပြင်၊ ရောင်းဝယ်ရေး Good Second များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေပါသည်။

ဖုန်း-၇၀၅၇၈၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန မန္တလေးနည်းပညာတက္ကသိုလ်

နဝမအကြိမ်မြောက်ဘွဲ့နှင်းသဘင် လျှောက်လွှာခေါ်ယူခြင်း

၂၀၀၃ခု ပညာသင်နှစ်အတွက် မန္တလေးနည်းပညာတက္ကသိုလ် ၂၀၀၃ ခုနှစ် အောက်တိုဘာလအတွင်းကကျင်းပခဲ့သော အင်ဂျင်နီယာနှင့် ဗိသုကာ (ပုံမှန်)သင်တန်းများမှ အင်ဂျင်နီယာဘွဲ့နှင့်ဗိသုကာဘွဲ့၊ ဘွဲ့ရစာမေးပွဲ အောင်မြင်သူများအတွက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်းကျင်းပပါမည်။

ကျင်းပမည့်နေ့ရက် - ၂၈-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)နှင့် ၂၉-၄-၂၀၀၄ရက် (ကြာသပတေးနေ့)
ကျင်းပမည့်နေရာ - မန္တလေးနည်းပညာတက္ကသိုလ်၊ စုဝေးခန်းမ
ကျင်းပမည့်အချိန် - နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ
မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ
ပေးအပ်မည့်ဘွဲ့ - B.E / B.Arch
ဘွဲ့နှင်းသဘင်ကြေး - ၁၅၀၀ (ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး - ၁၀၀၀(ကျပ်တစ်ထောင်တိတိ)
(လျှောက်လွှာနှင့်အတူ ပေးသွင်းရန်)
အစမ်းလေ့ကျင့်ရက် - ၂၇-၄-၂၀၀၄ရက်(အင်္ဂါနေ့)
လျှောက်လွှာလက်ခံမည့်ရက်- ၂၀၀၄ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၀၄ ခုနှစ် ဧပြီလ ၂၃ ရက်အထိ (သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်)

မှတ်ချက်။
၁။ ဘွဲ့နှင်းသဘင် တက်ရောက်မယူနိုင်သော ကျောင်းသားကျောင်းသူများ အဝေးရောက်ဘွဲ့အတွက် လျှောက်လွှာတင်ရန် အထူးလိုအပ်ပါသည်။
၂။ ဘွဲ့ဝတ်စုံထောက်ခံစာများကို ၂၆-၄-၂၀၀၄ရက်မှစ၍ ထုတ်ပေးမည်။ အသေးစိတ်အချက်အလက်များကို မန္တလေးနည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ဌာနစိတ်တွင် စုံစမ်းနိုင်ပါသည်။

အမိန့်အရ-
ဒေါက်တာအောင်မိုးခိုင်
မော်ကွန်းထိန်း
မန္တလေးနည်းပညာတက္ကသိုလ်

(1) Promoter
(2) Sales
(3) Driver

၁။ (Sales Manager) (၂) ဦး
Sales & Marketing
Certificate / Diploma
၂။ (Administration Manager) (၂) ဦး
Diploma
၃။ (Secretary) (၂) ဦး
Secretary
Peace Myanmar Group Co., Ltd.

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့ အမှတ်(၄၅) ခမ္မိကဝတီလမ်း စမ်းချောင်းနေ
(ဗိုလ်မှူးမောင်မောင်လွင်)-(ဒေါ်ဝင်းကြည်)
တို့၏သားငယ်
မောင်မိုးကျော်လွင် B.Sc.(Zool)
နှင့်
ရန်ကုန်မြို့ အမှတ်(၁၃)ပထမထပ် လက်ပံလမ်း စမ်းချောင်းနေ
ဦးသိန်းထွန်း(အင်ဂျင်နီယာ)-ဒေါ်ခိုင်မာလေး(စီမံကိန်းမှူး-ငြိမ်း)
တို့၏ တစ်ဦးတည်းသောသမီး
မမီမီခိုင်ထွန်း B.Sc.(Zool)
တို့သည် နှစ်ဖက်မိဘများ၏ သဘောတူညီမှုဖြင့် ၂၂-၃-၂၀၀၅ ရက်နေ့တွင် လက်ထပ်ပြီးစီးပါကြောင်း။

မောင်မိုးကျော်လွင်-မမီမီခိုင်ထွန်း



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူပျောက်ဆုံးခြင်း ယာဉ်အမှတ် ၁ယ/၄၅၁၆၂ နှင့် ယ/၅၁၇၈ မော်တော်ဆိုင်ကယ်လက်ဝယ်ရှိသူက(ကမ-၃) မိတ္တူပျောက်ဆုံးလာပါသဖြင့် ကန့်ကွက်လိုသူများသည် ၁၅ ရက်အတွင်း ကညန၊ ခရိုင်ရုံး (ပခုက္ကူ)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

မူလလက်ဟောင်း "ဆူးလေချစ်တီးထမင်းဆိုင်" ပြန်လည်ဖွင့်လှစ်ပြီ

သန့်ရှင်းလတ်ဆတ်တဲ့ "ဆူးလေချစ်တီး" ထမင်းဟင်းကောင်းကောင်းလေးစားချင်တယ်ဆိုရင်တော့ အမှတ် ၄၃၄၊ သိမ်ဖြူလမ်းက "ဆူးလေချစ်တီး" ထမင်းဆိုင်ကို ကြွလှမ်းခဲ့ဖို့ ဖိတ်ခေါ်ပါရစေ၊ နံနက်စာအဖြစ် လက်ဖက်ရည်၊ ကော်ဖီ၊ အာလူးပူရီ၊ တိုရှည်၊ နန်းကြီးသုပ်၊ နန်းပြားသုပ်များလည်း အရသာရှိရှိလာရောက်သုံးဆောင်နိုင်ပါတယ်။ ယခင်ဆူးလေဘုရားလမ်းက "ဆူးလေချစ်တီး" ထမင်းဆိုင်ကိုလာရောက်စားသုံးအားပေးဖူးသော မိတ်ဟောင်းများရဲ့တောင်းဆိုမှုကို ကျေးဇူးတုံ့ပြန်သောအားဖြင့် "ဆူးလေချစ်တီး" ထမင်းဆိုင်ကို ယခုသိမ်ဖြူဈေးမှတ်တိုင်အနီး သိမ်ဖြူလမ်းမပေါ်တွင် ပြန်လည်ဖွင့်လှစ်ရောင်းချနေပြီဖြစ်ကြောင်း သတင်းကောင်းပါး အပ်ပါတယ်။ မွေးနေ့၊ အလှူမင်္ဂလာ၊ ဧည့်ခံပွဲများအတွက် အော်ဒါများလည်းလက်ခံဆောင်ရွက် ပေးလျက်ရှိပါတယ်။

နှစ်ကူးအတာသင်္ကြန်တွင်း လူကြီးမင်းများ အဆင်ပြေစွာ စားသုံးနိုင်ရန် ဆိုင်ဖွင့်လှစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ **အမှတ် ၄၃၄၊ သိမ်ဖြူလမ်း၊ ဖုန်း-၂၉၀၂၅၈**

လွမ်းဆွတ်သတိရခြင်း

ဦးခင်လှ(မုံရွာ) (၄-၃-၂၀၀၄)
အသက် (၇၈)နှစ်
ဒေါ်မြမြသန်း(ချောင်းဦး)(၂၈-၁၀-၁၉၉၁)
အသက်(၆၁)နှစ်

ကျေးဇူးရှင် ဖေဖေ ကွယ်လွန်ခဲ့သည်မှာ တစ်လပြည့်မြောက်ပြီဖြစ်သော်လည်း ယနေ့တိုင် သတိရတမ်းတနေဆဲပါ။ ကျေးဇူးရှင်ဖေဖေနှင့်မေမေကို ရည်စူး၍ သံဃာတော်များအား ဆွမ်းကပ်လှူဒါန်းခြင်း၊ ရန်ကုန်ဗိုဓိတဒါန သံဃာ့ဆေးရုံတွင် ဆေးကုသလျက်ရှိသည့် သံဃာတော်များ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးဘွားများအား တစ်နေ့တာဆွမ်းကပ်လှူခြင်းများနှင့် နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ရည်စူးပြီး ပြုခဲ့သမျှကောင်းမှုကုသိုလ် အစုစုတို့ကို ဖေဖေနှင့်မေမေ မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။

ဖေဖေနှင့်မေမေရေ အမှျ အမှျ အမှျ

သားများ - ကျော်မျိုးဝင်း-ဥမ္မာလှ
ဇော်မျိုးဝင်း-မိုးဝင့်အောင်
ကောင်းမြတ်-ခင်ခင်ထွေး

မြေးများ - ခိုင်ဇင်လင်းကျော်၊ ခင်ဆုဝေကျော်၊ ဖြိုးဇော်အောင်၊ ဆုဝေမာကျော်၊ မြတ်စန္ဒီဇော်၊ ကောင်းကျော်မြတ်၊ မေမျိုးသူကျော်၊ လှမြတ်နိုးခင်၊

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်စိုး (SM Tour)
အသက်(၅၆)နှစ်

ဦးအောင်စိုး(SM Tourသည် ၁၀-၃-၂၀၀၄ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

SM TOUR (မန္တလေးရုံး)
မိသားစု။

ငွေရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ ဦးသန်းမြိုင်(ရခိုင်ပြည်နယ်တရားသူကြီး၊ စစ်တွေ)နှင့် ချစ်မေမေ ဒေါ်နန်းတင်ဦး တို့၏ ငွေရတုမင်္ဂလာ ၄-၄-၂၀၀၄ ရက်မှသည် ပုလဲရတု၊ ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သားများနှင့် အေးငြိမ်းချမ်းသာ၊ ကျန်းမာစွာလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

သားကြီး - အောင်ကျော်ကျော်မင်း 2nd Year Law, Dip in I.T, Dip in G.I

သားငယ် - ကျော်ကျော်ဟန် (သတ္တမတန်း-က၊ အထက-၄၊ စစ်တွေ)



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

သတင်းကြေညာချက်

ရန်ကုန်မြို့ ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၁၁ရက်
၂၀၀၄ခုနှစ် မတ်လ ၃၁ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းသည် ၂၀၀၄ခုနှစ် ဇွန်လ ၂၆ရက်မှ ဇူလိုင်လ ၃ရက်အထိ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲကို မြန်မာ့ကျောက်မျက်ရတနာခန်းမတွင် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်ပါသည်။

(က) နိုင်ငံတော်နှင့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ နိုင်ငံခြားငွေတိုးတက်ရရှိစေရန်။
(ခ) နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ကျောက်မျက်ရတနာကဏ္ဍမှ အထောက်အကူပြုနိုင်ရန်။
(ဂ) ကျောက်မျက်ရတနာဈေးကွက် နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ထွန်းစေရန်။
(ဃ) ကျောက်မျက်ရတနာများကို ပြည်ပသို့ တရားမဝင် ထုတ်ဆောင်ခြင်း၊ ရောင်းချခြင်းများ လျော့နည်းပပျောက်စေရန်။

၂။ ၂၀၀၄ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်မျက်ရတနာလုပ်ငန်းရှင် အများစုအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး၊ ရောင်းရငွေ ယူရို ၁၈ဒသမ ၅သန်းကျော် ရရှိခဲ့ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် အရည်အသွေး ကောင်းမွန်သည့် ကျောက်မျက်ရတနာများကို သင့်တော်သည့်အခြေခံရောင်းဈေး သတ်မှတ်၍ တင်ပြရောင်းချခဲ့ခြင်းနှင့် မြန်မာ့ကျောက်မျက် ရတနာပြပွဲသို့ ပြည်ပမှ ရတနာကုန်သည် ၆၃၀ကျော် တက်ရောက်ယှဉ်ပြိုင်ဝယ်ယူခြင်းတို့ကြောင့် ရောင်းရငွေများ တိုးတက်ရရှိခဲ့ခြင်းဖြစ်ပါသည်။ (၄၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲမှစ၍ ငွေပေးချေရေးစနစ်များ ပြင်ဆင်သတ်မှတ်ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာဌာနများနှင့် ညှိ၍ဝယ်ယူသည့် ကျောက်မျက်ရတနာများကို ပြည်ပသို့ လျင်မြန်စွာ တင်ပို့ပေးလျက်ရှိခြင်းတို့ကြောင့် ရောင်းချရသည့် နိုင်ငံခြားငွေများ အမြန်ရရှိလျက်ရှိပါသည်။

၃။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်း၊ ကျောက်မျက်များ တင်ပြရောင်းချသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအနက် လုပ်ငန်းသုံးငွေ လည်ပတ်စေရန် နိုင်ငံတော်မှ ကြိုတင်ငွေ/ချေးငွေများ ရယူလိုသူများအား သတ်မှတ်ချက်များနှင့်အညီ ကြိုတင်ငွေ/ချေးငွေများရရှိရေး ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ၎င်းအပြင် ကျောက်မျက်ရတနာရောင်းရငွေများကို ပြည်ပပို့ကုန်ရောင်းရငွေ (Export earning)အဖြစ် သတ်မှတ်ရေး၊ ပြည်ပပို့ကုန်ရောင်းရငွေများဖြင့် ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုရန်လိုအပ်သည့် လောင်စာဆီ၊ စက်ယန္တရားစသည်များ ကိုပြည်ပမှ တင်သွင်းခွင့်ရရှိရေးအတွက် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် သက်ဆိုင်ရာဌာနများနှင့်ညှိနှိုင်းတင်ပြ ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ၂၀၀၄ ခုနှစ် ဇွန်လအတွင်းကျင်းပမည့် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲတွင် နိုင်ငံသား/ကုမ္ပဏီ/အသင်းများမှ တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၄ ခုနှစ် မေလ ၁ ရက်မှ ဇွန်လ ၁ ရက်အတွင်း စစ်ဆေးလက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

၅။ ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ ရန်ကုန်မြို့၊ ကျောက်စိမ်းတူးဖော်ရေး ဌာန(လုံးခင်း)၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုးကုတ်)နှင့်မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုင်းရှူးမြို့များတွင် အခြေပြုသည့် တူးဖော်ရေးစခန်းရုံးများနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ပါသည်။

၆။ ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲတွင် တင်ပြရောင်းချမည့် ကျောက်မျက် ရတနာများကို မိမိတို့အစီအစဉ်ဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) သို့ သယ်ဆောင်ရာတွင် အခက်အခဲရှိပါက အထက်စာပိုဒ်(၅)ပါ လုပ်ငန်း/ဌာန/ရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။



သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးဘဆန်း-ဒေါ်ကျင်တီတို့၏သား မောင်စန်းမြင့် ၁၂/ကမတ(နိုင်) ၀၃၆၅၄၄ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စများကို လုံးဝတာဝန်မယူပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးဘဆန်း ၁၂/ကမတ(နိုင်)၀၄၅၃၃၃
ဒေါ်ကျင်တီ ၁၂/ကမတ(နိုင်)၀၄၃၈၁၅

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၆ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ် ၇၇၁ နေ
ဦးအောင်ချိန် (မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)-ဒေါ်လှရီ (အထက ၁ တောင်ဥက္ကလာပ) တို့၏ သား
မောင်အောင်ခိုင်ဦး B.E (Mechanical)
နှင့်
ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ ရွှေတောင်တန်းလမ်း၊ အမှတ် ၄၀ နေ ဒေါ်ခင်မေ၊ ဒေါ်ခင်ထွေး တို့၏မြေး
ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၆ ရပ်ကွက်၊ အင်းဝလမ်း၊ အမှတ် ၄၀၂/ကနေ
ဦးသိန်းဌေး-ဒေါ်မေခင်ဇော် (အဆင့်မြင့်ပညာဦးစီးဌာန၊ အောက်မြန်မာပြည်)တို့၏ သမီး
မယဉ်ယဉ်ကြူ M. Sc (Engineering Physics)
တို့သည် ၂၈-၃-၂၀၀၄ ရက်နေ့တွင် နှစ်ဖက်မိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ခိုင်ဦး-မယဉ်ယဉ်ကြူ

ဒေါ်လှညွှန့် ၁၂/လသန(နိုင်)၀၀၇၂၆၇၊
ဒေါ်ကျင်ဆွေ ၁၂/လသန (နိုင်)၀၀၇၃၄၀ နှင့်
တရားရုံးချုပ်ရှေ့နေ ဦးတင်ထွန်း၏
၁၇-၃-၂၀၀၄ ရက်နေ့ထုတ်
မြန်မာ့အလင်းသတင်းစာပါ အများသိစေရန်
ကြေညာချက်အပေါ် အများသိစေရန်
ပြန်လည်ရှင်းလင်းကြေညာချက်

ဦးဇော်ဝင်း ကန်ထရိုက်တာ Asia Winဆောက်လုပ်ရေးနှင့် ဒေါ်လှညွှန့်၊ ဒေါ်ကျင်ဆွေ တို့သည် ရန်ကုန်တိုင်း၊ ကျောက်တံတားမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၁၄-အက်ဖ်-၁၊ မြေကွက်အမှတ် ၂၅၊ အမှတ် ၉၃/၆၅၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်ဟု ခေါ်တွင်သောမြေပေါ်တွင် လေးခန်းတွဲ ခုနစ်ထပ်တိုက်ဆောက်ရန် ၃၁-၈-၂၀၀၁ ရက်စွဲပါ သဘောတူ ကတိစာချုပ် ချုပ်ဆိုပြီးနောက် မြေရှင်များက ဦးဇော်ဝင်းအား စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပြန်လည် ရုပ်သိမ်းခွင့်မရှိသော အထူးကိုယ်စားလှယ်လွှဲအပ်ထားပြီးဖြစ်ပါသည်။ တိုက်သစ်ဆောက်လုပ်နိုင်ရန် ဦးဇော်ဝင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် လက်ရှိအဆောက်အအုံအား အန္တရာယ်ရှိ အဆောက်အအုံအဖြစ်သတ်မှတ်ဖြိုဖျက်နိုင်ရန် လျှောက်ထားခဲ့သော်လည်း လက်ရှိနေထိုင်သူ ၁၂ဦးအနက် အတော်များများက တိုက်သစ်ဆောက်လုပ်ရန် သဘောမတူခဲ့ခြင်းဖြစ်ရာ မြေရှင်များက ၁၇-၃-၂၀၀၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၌ တိုက်သစ်ဆောက်လုပ်ရန် အကြောင်းမဲ့ပျက်ကွက်သည်ဆိုခြင်းမှာ လုံးဝယုတ္တိမတန် တမင်စော်ကားလိုသော စွပ်စွဲချက်သာဖြစ်ပါသည်။ ၃၁-၈-၂၀၀၁ ရက်စွဲပါ သဘောတူကတိစာချုပ်အပိုဒ်(၃)တွင်လည်း တိုက်သစ်ဆောက်လုပ်မှုနှင့်ပတ်သက်၍ အိမ်ငှားများနှင့်ညှိနှိုင်း၍ အဆင်မပြေပါက ကန်ထရိုက်တာ၏ ပျက်ကွက်မှုမဟုတ်ကြောင်း မြေရှင်များက လက်ခံသဘောတူပါသည်ဟု အတိအလင်း သဘောတူထားခြင်းကို မျက်ကွယ်ပြုလျက် ကန်ထရိုက်တာ၏ ပျက်ကွက်မှုဖြစ်သယောင် ကြေညာခြင်းမှာ သဘောရိုးမဟုတ်ပါ။ ဒေါ်လှညွှန့်နှင့် ဒေါ်ကျင်ဆွေတို့ကလည်း သက်ဆိုင်ရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှတစ်ဆင့် ဦးဇော်ဝင်းအား ညှိနှိုင်းရန်လည်း တရားဝင်ခေါ်ယူခြင်း လုံးဝမရှိခဲ့သည့်အပြင် ရှေ့နေမှတစ်ဆင့်ပေးပို့သော နို့တစ်စာများကို လက်ခံရန် အကြိမ်ကြိမ်ငြင်းပယ်ခဲ့ခြင်းလည်းမရှိဘဲ ၂၃-၂-၂၀၀၄ ရက်စွဲပါ နို့တစ်စာကိုပင် ပြန်ကြားထားပြီးဖြစ်ပါသည်။ ထို့ကြောင့် မဟုတ်မမှန် ယုတ္တိမတန်ကြေညာချက်ကို ခုနစ်ရက်အတွင်း ပြန်လည်ရုပ်သိမ်းရန်နှင့် ၃၁-၈-၂၀၀၁ ရက်စွဲပါ ကတိစာချုပ်နှင့် ပြန်လည်ရုပ်သိမ်းခွင့် မရှိသော အထူးကိုယ်စားလှယ်လွှဲစာများကို မြေရှင်များက ပြန်လည်ရုပ်သိမ်းလိုပါက ဦးဇော်ဝင်းထံမှ လက်ခံရရှိထားသော အလိုက်ငွေများ ဒီဘီလျှောက်ထားရာတွင် ကုန်ကျစရိတ်များနှင့် ဦးဇော်ဝင်း၏ နစ်နာကြေးများကို ပြန်လည်ပေးချေပြီးမှသာ ရုပ်သိမ်းခွင့်ရရှိမည်ဖြစ်၍ တစ်ဖက်သတ် ရုပ်သိမ်း ကြောင်း ကြေညာခြင်းမှာ တရားမဝင်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာ အပ်ပါသည်။

ဦးဇော်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးချစ်လွင်
B.Com.(A.A.); D.E.P;R.L
တရားရုံးချုပ်ရှေ့နေ(၂၈၅၉)
အမှတ် ၁၉၊ ၁၂၇လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်။

ဝမ်းနည်းကြေကွဲခြင်း

အမှတ် (၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ဦး-ဒေါ်ဌေးရီတို့၏မြေး၊ ဦးသန်းဌေး ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းရပါသည်။

ဒေါက်တာမင်းသိမ်း၊ ဦးဝင်းကိုကို
ဗိုလ်ကြီးလှမျိုးမောင်၊ ဗိုလ်ကြီး အောင်သူ
ဗိုလ်ကြီးတေဇာကျော်၊ မန္တလေးမြို့။

အမြန်ရောင်းမည်

မြေ(80'x80')၊ တိုက်(30'x50')RC2, 2MBR,1BR,4AC, ဧည့်ခန်း၊ မိသားစုခန်း၊ ထမင်းစာခန်း၊ မီးဖိုဆောင်၊ ကားဂိုထောင်၊ ရေမီး၊ အဆင့်မြင့်ပြင်ပြီး၊ နေရာကောင်း၊ **တည်နေရာ**-ရတနာသီရိလုံးချင်းအိမ်ရာ(ဇဝန)သဃ်န်းကျွန်း။ ယခင်ကြေညာထားသောနှုန်းထက်25%လျှော့မည်။ ဈေးညှိနှိုင်းပါ။တည့်အောင်ရောင်းမည်။ အရစ်ကျပေးချေနိုင်သည်။

: 098031064

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။

နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ် နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း-၂၄၅၆၂၀၊ ၂၄၅၆၄၂

ဝမ်းနည်းကြေကွဲခြင်း
မထွန်းစုမြတ်မွန်သိန်း(ခ)Barbieလေး
အသက်(၄)နှစ်

ဦးထွန်းထွန်း(ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)-ဒေါ်မာလာသိန်းတို့၏ ချစ်လှစွာသောသမီး၊ ဦးကျော်ကျော်-ဒေါ်မြတ်မြတ်ဦးတို့၏ တူမလေး မထွန်းစုမြတ်မွန်သိန်း(ခ) **Barbie** လေး ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရွှေရှမ်းကန်၊ရွှေအင်းယားစားသောက်ဆိုင်ဝန်ထမ်းများ အင်းလျားလမ်း။

ဝမ်းနည်းကြေကွဲခြင်း
မထွန်းစုမြတ်မွန်သိန်း(ခ)Barbieလေး
အသက်(၄)နှစ်

ဦးထွန်းထွန်း(ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံတော်သမ္မတရုံး)-ဒေါ်မာလာသိန်းတို့၏ ချစ်လှစွာသောသမီး၊ ဦးကျော်ကျော်-ဒေါ်မြတ်မြတ်ဦးတို့၏ တူမလေး မထွန်းစုမြတ်မွန်သိန်း(ခ) **Barbie** လေး ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

ASIA POINT BOWLING CENTRE ဝန်ထမ်းများ သာကေတရှခင်းသာ။

ကျေးဇူးတင်ရှိခြင်း

ဆရာဂျီဇော်ခွန်(အသက်၄၉နှစ်)သည် ၂၉-၃-၂၀၀၄ရက် မွန်းလွဲ၁း၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်၍ ၃၀-၃-၂၀၀၄ရက်တွင် ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ဆရာဂျီဇော်ခွန်နာမကျန်းဖြစ်စဉ်က စိတ်ရောကိုယ်ပါ စောင့်ရှောက်ပေးသော အနောက်ပိုင်းဆေးရုံမှ သမားတော်ကြီးနှင့် ဆရာဝန်၊ဆရာမများအားလုံးအား လည်းကောင်း၊ ဈာပနကိစ္စတွင် လိုလေသေးမရှိအောင် ကူညီပံ့ပိုးပေးပိုးခဲ့ကြသော အသင်းတော်အသီးသီးနှင့် သင်းအုပ်ကြီးများ၊ သင်းထောက်ကြီးများ၊ ဓမ္မဆရာကြီးများနှင့် လိုက်ပါ ပို့ဆောင်ပေးသော မိတ်ဆွေသင်္ဂဟ အားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူညီအစ်ကို၊မောင်နှမများ။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးအေးသန်း
အသက်(၅၆)နှစ်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အလယ်ရပ်နေဦးထွန်းရှင်၊ ဒေါ်ချစ်မေတို့၏သားကြီး၊ ဦးလီတာကွေ-ဒေါ်ဟော့ကျင်မေတို့၏သားသမက်၊ ရန်ကုန်မြို့ အမှတ် ၂၈၄/၂၈၆၊ အခန်း ၁၊ ဒုတိယထပ်၊ ရွှေတိဂုံဘုရားလမ်းနေဒေါ်ပြုံးပြုံး၏ခင်ပွန်း၊ မကြွယ်ကြွယ်သန့်၊ မသဇင်သန့်၊ မောင်ပြည့်စုံတို့၏ဖခင်သည် ဖားကန့်မြို့နေအိမ်တွင် ၂-၄-၂၀၀၄ ရက်ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ အမှုဆောင်အဖွဲ့ (မြစ်ကြီးနားအသင်း)။

ဗိုလ်မှူးသန်းဝင်းအောင်
B.Sc (Maths)
(အလုပ်သင်-၆)
အသက်(၄၇)နှစ်

ရွှေဘိုမြို့နေ ဦးဝင်းသန်း-ဒေါ်သန်းသန်းတို့၏သား၊ (ဦးစိန်မြင့်)-ဒေါ်ရင်မေတို့၏သားသမက်၊ ဒေါ်ဆွေဆွေဝင်း(အမက-၁၁၊ ရွှေဘို)၏အစ်ကို၊ အောင်မြင့်မြတ်ကောင်း၊ ကောင်းစည်းစိမ်ထွန်းတို့၏ဘကြီး၊ ဒေါ်ဖြူဖြူဝင်း(အထက-၂၊ ကလော)၏ခင်ပွန်း၊ မောင်ထက်ဝေယံဝင်း၊ မဝေနှင်းဖြူဖြူ (အထက-၂၊ ဒဂုံ)၊ မောင်ထက်အောင်ဖုန်းမြတ်(အထက-၂၊ ဒဂုံ)တို့၏ဖခင်သည် ၃၁-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင် ကျိုင်းတုံမြို့၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် ကျိုင်းတုံမြို့၌ မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးချစ်အောင်
ယုဇနဆီအုန်းစီမံကိန်း
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ၃၉ လမ်း၊ အမှတ် ၁၄၀ (မြေ ညီ၊ ဝဲ)၊ ကျောက်တံတားမြို့နယ်နေ (ဦးညို-ဒေါ်မြိုင်)တို့၏သား၊ (ဦးလုကြည်-ဒေါ်နု)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်ကြည်(လဝက၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ထိန်လင်း၊ မယုယုအောင်(ကျန်းမာရေးစီမံကိန်း)တို့၏ဖခင်သည် ၃-၄-၂၀၀၄ရက်(စနေနေ့)ညနေ ၆း၄၅နာရီတွင် ကော့သောင်းဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ မိတ်ဆွေများအား အသိပေးအပ်ပါသည်။ (သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးအေးသန်း
အသက်(၅၆)နှစ်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အလယ်ရပ်နေဦးထွန်းရှင်၊ ဒေါ်ချစ်မေတို့၏သားကြီး၊ဦးလီတာကွေ-ဒေါ်ဟော့ကျင်မေတို့၏သားသမက်၊ ရန်ကုန်မြို့ အမှတ် ၂၈၄/၂၈၆ ၊အခန်း ၁၊ ဒုတိယထပ်၊ ရွှေတိဂုံဘုရားလမ်းနေ ဒေါ်ပြုံးပြုံး၏ခင်ပွန်း၊ မကြွယ်ကြွယ်သန့်၊ မသဇင်သန့်၊ မောင်ပြည့်စုံတို့၏ ဖခင်သည် ဖားကန့်မြို့နေအိမ်တွင် ၂-၄-၂၀၀၄ ရက်ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း။ အမှုဆောင်အဖွဲ့ (မိုးကောင်းအသင်း)။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဆရာမကြီး
ဒေါ်ဖောလေးစီ(ခ)အမိုးဆီ
(အငြိမ်းစားကျောင်းဆရာမ)
အသက်(၇၉)နှစ်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ အမှတ် ၂၀၊ ဒေါ်လှပန်းလမ်းနေ (ဦးလှကျော်-ဒေါ်နော်ဖိုး)တို့၏သမီးကြီး၊ ဦးစောတေလာ-ဒေါ်နားရာတို့၏ အစ်မ၊ စောသာဖလား၊ စောသာထူး၊ နော်ဘီရဲခါ၊ နော်ထူးဖော၊ နော်ကပေါ၊ နော်ခူရှီး၊ နော်သပလေးဖော၊ စောနေခေး၊ (စောစီအေး)တို့၏ အဒေါ်သည် ၂-၄-၂၀၀၄ရက်နံနက် ၁၁း၄၅ နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်၍ ၄-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် သမိုင်း ကရင်နှစ်ခြင်းအသင်းတော် ဦးရွှေနုလမ်းတွင် ဈာပနဝတ်ပြု ဆုတောင်းပြီး ရေဝေးကရင်နှစ်ခြင်း ခရစ်ယာန်သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးကျော်ညွှန့် (ကမ္ဘာအေး)
အလုပ်သမားဥပဒေ
စစ်ဆေးရေးအရာရှိ
(အငြိမ်းစား)
အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်သိန်း-ဒေါ်စောလှ)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ညောင်ပင်လမ်း၊ အမှတ် ၂၄၁ နေ ဒေါ်သိန်းသိန်း၏ခင်ပွန်း၊ (ဦးတင်အောင်)-ဒေါ်မြမြသန်း(ဦးလှသိန်း)-ဒေါ်ငြိမ်းငြိမ်းတို့၏အစ်ကို၊ မမူမူကျော်၊ ကိုအောင်မိုး-မမျိုးမျိုးကျော်၊ မောင်နိုင်ဝင်း-မစိုးစိုးကျော်၊ မောင်ကျော်စွာ (Director Lu Htet Co.,Ltd.)-မဥမ္မာကျော်၊ မောင်ဝေဖြိုးကျော်တို့၏ဖခင်၊ ဖေသက်အောင်၊ ဖူးပွင့်သူ (အထက-၂၊ စမ်းချောင်း)၊ လင်းလတ်သူတို့၏အဘိုး၊တူ တူမ ခုနစ်ယောက်တို့၏ ဘကြီးသည် ၃၁-၃-၂၀၀၄ရက် ညနေ ၅ နာရီတွင် U.H.C အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၄-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးကြာမြိုင်
(မြိတ်မြို့)
အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သံသုမာလမ်း၊ အမှတ် ၃၁နေ (ဦးသံရုံ-ဒေါ်ခင်ရွှေ)တို့၏သား၊ ဒေါ်သိန်း၏ခင်ပွန်း၊ မောင်မြင့်ဝေ-မရှင်ဌေး၊ မောင်ဆွေမြင့်-မဌေးဌေးမြင့်၊ မလှလှဌေး၊ မောင်စိုင်မောင်လေး-မမူမူဌေး၊ မအိအိမိုး၊မအေးအေးမိုး၊ မောင်နေလင်းထွန်းတို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၂-၄-၂၀၀၄ ရက်(သောကြာနေ့)ည ၇း၄၅ နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၄-၄-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် စံပြဆေးရုံရေခဲတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
သိက္ခာတော်ရဆရာတော်ကြီး
ဦးအယ်(လ်)ဇော်လှိုင်(ခ)
ဦးအယ်(လ်)ဇော်ဖန်
သင်းအုပ်ကြီး(တိုင်းရင်းသား ခရစ်ယာန်အသင်းတော်၊မင်္ဂလာဒုံ)
အသက်(၄၈)နှစ်

အမှတ်၈၀၊ သပြေလမ်း၊ (၂/ခ) ရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်နေဦးအယ်(လ်)မယမ်ဒူ-ဒေါ်မာသ တို့၏ သားကြီး၊ ဒေါ်ဘဲလာ[လ/ထ သင်းအုပ်ကြီး၊ တိုင်းရင်းသားခရစ်ယာန် အသင်းတော်]၏ ခင်ပွန်း၊ ဆရာအယ်(လ်)ဇော်စောမ်ဒူ (သင်းအုပ်၊National Christion Church)၊ အယ်(လ်)နန်စောမ်ဒူ၊ အယ်(လ်)ဂွန်ခေါင်ဒူ၊ အယ်(လ်)ဇော်ဆိုင်းဒူ၊ အယ်(လ်)ဇော်စွတ်ဒူ၊ အယ်(လ်)ငွေပျော်ဒူတို့၏ဖခင်၊[အယ်(လ်)ဂျာရော်]၏မောင်၊အယ်(လ်)နန်ဘောက်၊အယ်(လ်)နန်ဒွဲ၊အယ်(လ်)ဇော်မိုင်တို့၏အစ်ကိုကြီးသည် ၂-၄-၂၀၀၄ရက် (သောကြာနေ့) နံနက်၉း၃၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်းတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၅-၄-၂၀၀၄ ရက် (တနင်္လာနေ့)နံနက် ၁၁ နာရီတွင် တိုင်းရင်းသားခရစ်ယာန်အသင်းတော်၌ ဝတ်ပြုကိုးကွယ်၍ မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်ခရစ်ယာန်သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်မြရင်
သန်လျင်မြို့နယ်၊ရုံးသပြေကန်ရွာ
အသက်(၈၇)နှစ်

သန်လျင်မြို့နယ်၊ ရုံးသပြေကန်ရွာ (ဦးရွှေဇျိုင်း-ဒေါ်လေးမယ်)တို့၏သမီး၊ (ဦးမြဟန်)-ဒေါ်သောင်းရှင်၊ဦးဘွန်စင်း-ဒေါ်အေးတင့်တို့၏အစ်မကြီး၊ တူ၊တူမ ၁၀ယောက်၊ မြေး ၂၂ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွားသည် ၂-၄-၂၀၀၄ရက်(သောကြာနေ့) ည ၉နာရီတွင် အမှတ်၃၉၊ ထန်းနှစ်ပင်လမ်းသွယ်၊ မြို့မတောင်ရပ်ကွက်၊ သန်လျင်မြို့နေ အိမ်၌ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ဗိုလ်ချုပ်ရွာ သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးရွှေအောင်
(CDC-2878)
အသက်(၇၁)နှစ်

ကျောက်ဖြူမြို့ (ဦးဖိုးဘန်း-ဒေါ်ချာညို)တို့၏သား၊ဒဂုံမြို့သစ်(တောင်ပိုင်း)၊ငုဝါမြိုင်လမ်း၊ အမှတ်၂၉၄(ခ)နေ (ဦးမောင်ငယ်)-ဒေါ်နှင်းလှတို့၏သားသမက်၊ဒေါ်ခင်မြင့်၏ ခင်ပွန်း၊ ကိုသန်းဇော်ဦး-မအေးအေးခိုင်၊ ကိုအောင်ဇော် (Gewin Ltd.) - မသန်းသန်းနိုင်၊ မလမင်းသန္တာတို့၏ဖခင်၊ တူ တူမ ခြောက်ယောက်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၂-၄-၂၀၀၄ရက်(သောကြာနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၄-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်သိန်း
အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ ဦးရင်သိန်း-(ဒေါ်ငွေ)၊ ဒေါ်ရင်တို့၏သမီးကြီး၊ (ဦးကြူ-ဒေါ်ထွေးခင်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့ ဘိုကလေးဈေးလမ်း၊ အမှတ် ၄၇ နေ(ဦးမင်းလွင်)၏ဇနီး၊ ဒေါက်တာမိုးမိုးကြည်၊ ဒေါက်တာတင်မေလွင်-ကိုထွန်းမင်းသန်း၊ မောင်သက်နိုင်မြင့်တို့၏ မိခင်သည် ၃-၄-၂၀၀၄ ရက်နံနက်၁၂း၅၅နာရီတွင် ဗဟိုစည်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၀၄ရက် ညနေ ၃း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်လေးမြင့်
St. Mary's Dio
ကျောင်းသူဟောင်း
ကြို့ပင်ကောက်မြို့
အသက်(၅၈)နှစ်

ကြို့ပင်ကောက်မြို့၊ မြန်မာအဆွေဆန်စက်နေ ဦးအေးချို-(ဒေါ်ကြည်ကြည်)တို့၏သမီး၊ ဦးခင်မောင်အေး(ငါးဦးစီး)-ဒေါ်ခင်စိုးတင့်(ငါးဦးစီး)တို့၏ ညီမ၊ ဦးသန်းဆွေ(မြန်မာအဆွေဆန်စက်)၊ ဦးကျော်မြင့်အေး (C/E Woo+Ho Marine)-ဒေါ်မူယာလူ (Asst. Representative)၊ ဦးအုန်းကြွယ်(3/E Gold Star Shipping. HKG)-ဒေါ်စိုးမာဦး၊ Dr.ဘုန်းမြင့် (သွားဘက်ဆိုင်ရာ၊ အုတ်ဖိုမြို့)-ဒေါ်ခင်ခင်အေး၊ ဗိုလ်မှူးအေးမင်း (ငြိမ်း) (မွေး/ရောဘဏ်၊မန္တလေး)-ဒေါ်ခင်လေးမူတို့၏ အစ်မ၊တူ တူမ ၁၀ယောက်တို့၏ အဒေါ်သည် ၂-၄-၂၀၀၄ ရက် (သောကြာနေ့) ညနေ ၃း၃၀ နာရီတွင် ကြို့ပင်ကောက်မြို့နေအိမ်တွင် ကွယ်လွန်သွားပါ၍ ၄-၄-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကျောင်းကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

မောင်အောင်သူထိုက်
[အထက(၁)မင်္ဂလာဒုံ]
အသက်(၂၅)နှစ်

ကျောက်ဆည်မြို့၊ လွန်ကျော်စိုက်ပျိုးရေးခြံနေ (ဦးတင်သန်း)-ဒေါ်ငွေစိန်တို့၏မြေး၊ သာစည်မြို့နယ် ဆင်ရှာကျေးရွာနေ (ဦးကြည်)-ဒေါ်မိလေးတို့၏မြေး၊ ဦးလှတင်-ဒေါ်မြင့်တင်၊ ဦးကျော်မြင့်သိန်း (အုပ်စုမန်နေဂျာ၊ ရေဆင်းသုတေသန)၊ ဒေါ်ခင်ယုဆွေ၊ ကိုခင်မောင်တင့်-မနန်းနွဲ၊ ကိုသော်တာ-မရီရီမြင့်၊ ကိုအေးစိုး-မအေးသိန်းတို့၏ တူ၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဝါယာလက် တပ်နယ်(ဂ)လိုင်းနေ အရာခံဗိုလ်တင်လှိုင်-ဒေါ်စန်းစန်းမာတို့၏ သားကြီး၊ မောင်စိုးမိုးလှိုင်၊ မအိအိလှိုင်တို့၏ အစ်ကိုသည် ၃-၄-၂၀၀၄ ရက်(စနေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့်၅-၄-၂၀၀၄ရက်(တနင်္လာနေ့)ညနေ ၃ နာရီတွင် မင်္ဂလာဒုံ တပ်မတော်ဆေးရုံမှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဆရာမကြီးဒေါ်မြသီ
(မင်းလှ)
အငြိမ်းစား၊မြို့နယ်ပညာရေးမှူး
လက်ပံတန်း
အသက်(၈၅)နှစ်

မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ ၉/၂၆ မာဃလမ်းနေ(ဦးကျော်-ဒေါ်ခင်)တို့၏သမီး၊ (ဦးဘသိန်း-အငြိမ်းစား၊ ခရိုင်ပညာဝန်)၏ဇနီး၊ ဦးဝင်းမြင့်သိန်း-ဒေါက်တာစောမြအေး၊ ဦးဌေးအုန်းသိန်း-ဒေါ်ခင်ဆွေဝင်း၊ ဒေါက်တာစိုင်းလောင်မွန်း-ဒေါက်တာဖြူဖြူသိန်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည်၁-၄-၂၀၀၄ရက် နံနက် ၄နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

အထက်ပါနေအိမ်သို့ ၇-၄-၂၀၀၄ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီမှ ၁၁နာရီ အထိ ရက်လည်ဆွမ်းကျွေးတရားနာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဦးမောင်ကျော် (စစ်တွေ)
(သ/မဌာနစုဦးစီး၊ ငြိမ်း)
အသက်(၇၁)နှစ်

ကျောက်တော်မြို့ (ဦးမြသာဇံ-ဒေါ်မအောင်သာ)တို့၏သား၊ ဦးမောင်တုတ်-ဒေါ်မအေးမြတို့၏ညီ၊ စစ်တွေမြို့ (ဦးသာဇန်းအောင်-ဒေါ်အုန်းပန်းဖြူ)တို့၏သားသမက်၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းရပ်၊ ဦးဥတ္တမလမ်း၊ အမှတ် ၁၈ နှင့် ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၃ လမ်း၊ အမှတ် ၇၄(ခ)နေ ဒေါ်မြသိန်း၏ခင်ပွန်း၊ ဦးအေးသန့်၊ ဦးကျော်သိန်း - ဒေါ်ကြည်ကြည်သိန်း (Kiss စတိုး)၊ ဦးဦးဘစံ-ဒေါ်တိုးတိုးသိန်း(701 ကားပစ္စည်းဆိုင်)၊ ဦးထွန်းကျော်-ဒေါ်သန်းညွန့်အေး၊ (မချိုချိုသိန်း)၊ ဦးကျော်မြင့်-ဒေါ်အေးမြတ်ဝေ (မိုးမခ ရွှေဆိုင်)၊ ကိုကျော်သိန်းဝင်း၊ ကိုကျော်သိန်းဇော်တို့၏ဖခင်၊ မြေး ရှစ်ယောက်တို့၏အဘိုးရှင်သည် ၃၁-၃-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (၄၃ လမ်း နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးလှကြူ
စာရင်းစစ်မှူး(ငြိမ်း)
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၂၊ ရွှေဘုန်းပွင့်လမ်း၊အမှတ်(၇)ရပ်ကွက်၊ပုဇွန်တောင်နေ (ဦးဆင့်-ဒေါ်သန်း)တို့၏သား၊ (ဘီးလင်းဦးဘရင်- ဒေါ်သိန်းနု)တို့၏ သားသမက်၊ဒေါ်တင်တင်သိန်း(ကျောင်းဆရာမ၊ငြိမ်း)၊ ဦးခိုင်(ဒါရိုက်တာ၊ K.A.F Co.,Ltd.)-ဒေါ်သန္တာအိအိဝင်း၊ ဦးစိုးနိုင်(အငယ်တန်း အင်ဂျင်နီယာ-၂၊ လမ်းနှင့်တံတား၊ မြို့တော်စည်ပင်)-ဒေါ်စန်းစန်းဝင်း(ယာ/အုံ၊ မြို့တော်စည်ပင်)၊ဒေါ်ဥမ္မာ(အငယ်တန်းအင်ဂျင်နီယာ-၂၊ လမ်းနှင့်တံတား၊ မြို့တော်စည်ပင်)တို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုးသည် ၂-၄-၂၀၀၄ ရက်(သောကြာနေ့)နံနက် ဝ၄း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၀၄ ရက် (တနင်္ဂနွေနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအား ရည်စူး၍ အထက်ပါနေအိမ်၌ ၈-၄-၂၀၀၄ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ဝင်းကြည် (မော်လမြိုင်)
အသက်(၅၂)နှစ်

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်း၊ လှည်းတန်းရပ်နေ ဦးပါ-ဒေါ်ညွန့်တို့၏သမီး၊ ဦးသာဇင်-ဒေါ်အေးမြိုင်တို့၏ ချွေးမ၊ ဦးတင်စိန်၊ ဒေါ်တင်တင်ဦးတို့၏ညီမ၊ ရန်ကုန်မြို့၊ အမှတ် ၆၁၊ ဈေးလမ်း ကျောက်မြောင်း၊ တာမွေနေ ဦးစိုးနိုင်၏ဇနီး၊ မမြတ်မြတ်စိုး၊ မမေမီစိုး၊ မဖြိုးမမစိုးတို့၏မိခင်သည် ၃-၄-၂၀၀၄ရက်(စနေနေ့ မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၄-၂၀၀၄ ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။(နေအိမ်မှကားများနံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ တိလောက
(သာသနဓဇသိရီပဝရ ဓမ္မာစရိယ ဆဋ္ဌသံဃိတိပါဠိဝိသောဓကဆဋ္ဌသံဃိတိကာရက)
သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မေဃဝတီ၊ တောင်သမန်တိုက်၊ တုလွတ်ရန်ရှောင်ကျောင်း၌ သီတင်းသုံးတော်မူသော မဟာထေရ်မြတ်ကြီးသည် ၁၃၆၅ခုနှစ် နှောင်းတန်ခူးလဆန်း ၉ရက် (၂၉-၃-၂၀၀၄ရက်) တနင်္လာနေ့ နံနက် ၉း၂၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါသဖြင့် ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်ကို ၁၃၆၅ခုနှစ် တန်ခူးလပြည့်နေ့ (၄-၄-၂၀၀၄ရက်) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် တောင်မြင့်သုသာန်၌ နံ့သာထင်းမျိုးစုံဖြင့် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

တပည့်သံဃာများနှင့်ဒါယကာ၊ဒါယိကာမများ။

ဦးခင်ညွန့်
ပေါင်လောင်ရွာ၊စလင်းမြို့
အသက်(၈၇)နှစ်

စလင်းမြို့၊ ပေါင်လောင်ရွာနေ (ဦးဥာဏ်စော-ဒေါ်စိန်နှစ်)တို့၏သား၊ တပ်မတော်အရိုးဆေးရုံဝင်း၊ အရာရှိအိမ်ရာ၊ တိုက် ၁၈/၆နေ ဒေါ်ခင်မြင့်၏ခင်ပွန်း၊ ဗိုလ်ကြီးဒေါ်ခိုင်ခိုင်(ကိုယ်လက်အင်္ဂါပြန်လည်သန်စွမ်းရေးဆေးရုံ/၃၀၀)၊ဒေါ်သီတာညွန့်(အမက၊ ဘောလုံးစက်ရုံ)၊ ဗိုလ်ကြီးအောင်မျိုးထွန်း(ဖာပွန်)တို့၏ဖခင်သည် ၃-၄-၂၀၀၄ရက်(စနေနေ့) မွန်းလွဲ၂း၁၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၇-၄-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့)တွင် တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံငြိမ်းအေးဇရပ်မှ ရေဝေးသုသာန်သို့ နံနက် ၁၁း၁၀ နာရီတွင် ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးအိပ်(ချ်)ရာနား
ကကင္ဂွေ(ငြိမ်း)
အသက်(၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊အမှတ် ၇၃၊ သီဟလမ်း၊ ၃၈ ရပ်ကွက်နေ ဒေါ်ဒေဝီ ၏ခင်ပွန်း၊ ကိုရာဂျူး၊ ကိုရာဂျန်း၊ကိုရာဘင်-မရီမာ၊ကိုစုံရှေ-မရှုဖာ၊ မရတနာတို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃-၄-၂၀၀၄ ရက်(စနေနေ့)နံနက် ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၄-၂၀၀၄ ရက် (တနင်္လာနေ့)ညနေ ၃ နာရီတွင် မြောက်ဥက္ကလာပဆေးရုံမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး
ဒေါ်တင်စမ်း (မင်းလှ)
B.A, B.Ed
(အထက်တန်းကျောင်းအုပ်ငြိမ်း)
အထက(၃)ဗိုလ်တထောင်
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၄၃ လမ်း၊ အမှတ် ၄၆၊ ပထမထပ်(ယာ)နေ (ဦးသာစု-ဒေါ်သိန်းတင်)တို့၏ သမီး၊ (ဗိုလ်ကြီးအုန်းရွှေ၊ ငြိမ်း)၏ဇနီး၊ ဦးစိုးမြင့်-ဒေါ်အေးသိန်း၊ ဦးလှစိန်-ဒေါ်သန်းလွင်၊ဦးအေးကိုတို့၏ညီမ၊ ဦးတင်ထွဋ်-ဒေါ်စိုးစိုးလွင်တို့၏အစ်မ၊ မယဉ်မင်းဦး (MRM Co., Ltd.)၊ ကိုဝင်းရွှေ-မဟေမာသင်း(စင်ကာပူ)၊ မခိုင်ဇင်ဇင် (B.B.A)တို့၏မိခင်၊ မောင်ဝင်းထွန်းကျော်၏အဘွားသည် ၁-၄-၂၀၀၄ရက် ညနေ ၆း၂၀ နာရီတွင် ဗဟိုစည်ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၀၄ရက်(တနင်္လာနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာ
ဦးအေးသန်း
(မိုးကောင်း)
အသက်(၅၆)နှစ်

ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ အလယ်ရပ်နေ ဦးထွန်းရှင်-ဒေါ်ချစ်မေတို့၏သားကြီး၊ (ဦးလီတာကွေ-ဒေါ်ဟော့ကျင်မေ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၂၈၄/၂၈၆၊ အခန်း ၁၊ ဒုတိယထပ်၊ ရွှေတိဂုံဘုရားလမ်းနေ ဒေါ်ပြုံးပြုံး၏ခင်ပွန်း၊ မကြွယ်ကြွယ်သန့်(ACCA Part II)၊ မသဇင်သန့် (Computer တတိယနှစ်)၊ မောင်ပြည့်စုံ (ပထမနှစ်၊ B.Tech)တို့၏ ဖခင်၊ ဒေါ်သိန်းသိန်း၊ ဒေါ်စန်းစန်းခင် (King Heart Jewellery ကျောက်မျက်ပြတိုက်)၊ ဦးမြင့်စိုး၊ ဒေါ်ခင်ညိုတို့၏ အစ်ကိုကြီး၊ မောင်ကျော်ခိုင်မြင့်၊ မောင်ဇော်နိုင်မြင့်(ကပစ-၄)၊ မဆွေဝါမြင့်တို့၏ ဘကြီးသည် ဖားကန့်မြို့ နေအိမ်၌ ၂-၄-၂၀၀၄ ရက် ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ပဏ္ဍိတ(ခ)ဦးဟန်ကြူ
(မြောင်းမြ)
(ကုန်သွယ်ရေး ၈/၉ အငြိမ်းစား)
သက်တော်(၇၅)နှစ်၊
သိက္ခာတော်(၁၆)ဝါ

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ ရာသက်ပန်အသင်းဝင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ တောင်ပိုင်းရပ်၊ မဟာဝိသုတာရာမ ဓမ္မဗိမာန်ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်တော်မူသော ဘဒ္ဒန္တပဏ္ဍိတ(ခ) ဦးဟန်ကြူ(မြောင်းမြ)သည် (၂၉-၃-၂၀၀၄ ရက်) ၁၃၆၅ ခုနှစ် တန်ခူးလဆန်း ၉ ရက် နံနက် ၁၁း၃၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း အသင်းသူ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ရဟန်း၊ ကျောင်းဒါယိကာမကြီး
ဒေါ်ကျင်မေ
(ဇော်ဂျီ စာပုံနှိပ်တိုက်)
အသက်(၇၂)နှစ်

ဇလွန်မြို့နေ(ဦးဆင့်-ဒေါ်နု)တို့၏သမီး၊ (ဦးချိန်ကန်-ဒေါ်ရွှေ)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ(ဦးအောင်ကြင်-ဒေါ်ကျင်အေး)၊(ဦးအုန်းတွဲ-ဒေါ်ကျင်ရွှေ) (ဒေါ်ကျင်ငွေ)၊ဇလွန်မြို့နေ ဦးကျင်ဟုတ်၊ ဟင်္သာတမြို့နေ ဦးကျင်ခိုင်-ဒေါ်အုံးမေ၊ (ဦးကျင်လှိုင်)-ဒေါ်ရွှေရင်တို့၏ညီမ၊ မော်ဘီမြို့နေ (ဦးသောင်းရွှေ-ဒေါ်ကျင်ရွှေ)၊ ရန်ကုန်မြို့နေ ဦးအောင်ကြည်-ဒေါ်ခင်ရီတို့၏အစ်မ၊ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အမှတ် ၁၆ရပ်ကွက်၊ မာလာမြိုင် ၃ လမ်း၊ အမှတ် ၉၄ နေ ဦးဇော်ဂျီ (ခ)ဦးမြအောင်၏ဇနီး၊ ကိုသက်လွင်-မသန်းသန်းဝင်း၊ ကိုနေမျိုး-မဝင်းဝင်းမာ၊ ကိုဝင်းကြိုင်တို့၏ မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၃-၄-၂၀၀၄ ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၀၄ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဌေးမြင့်(ခ)ဦးအုန်းမြင့်
အသက်(၆၄)နှစ်

သဃ်န်းကျွန်းမြို့နယ်၊ ၁၆ အပိုင်း၊၂၊ သုဒဿန ၁လမ်း၊ အမှတ် ၆၃/ခနေ (ဦးတုတ်ကြီး-ဒေါ်စောမေ)တို့၏သား၊ ဦးသိန်းအောင်-ဒေါ်စန်းမြင့်၊ ဦးသာ-ဒေါ်သန်း၊ ဦးသန်းထွန်း- ဒေါ်အေးသိန်းတို့အစ်ကို၊ ဦးတင်အောင်-ဒေါ်ညို၊ ဦးတင်ရွှေ-ဒေါ်လှထွေးတို့၏အစ်ကို၊ ဒေါ်သန်းညွန့်၏ခင်ပွန်း၊ မခင်သက်ဦး၊ ကိုရဲမြင့်၊ မစိမ်းစိမ်းတို့၏ဖခင်သည် ၂-၄-၂၀၀၄ရက်(သောကြာနေ့) နံနက် ၉း၅၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၄-၄-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ကိုဝင်းနိုင်
M.Sc (Maths)
အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၅လမ်း၊ အမှတ် ၉၀ နေ (ဦးအောင်မြင့်-ဒေါ်စိန်စိန်) တို့၏သားကြီး၊ ဒေါ်တင်ညွန့်၏မြေး၊ ဦးတင်ထွတ်-ဒေါ်ကြူကြူစမ်း၊ ဒေါ်အမကြည်၊ ဦးခင်ဇော်၊ မရီရီဝင်း၊ ကိုမြင့်သိန်း၊ မန္တန္တဲ့အေးတို့၏ တူ၊ မောင်သန်းထိုက်အောင်၊ မသန္တာ၊ မပြုံးပြုံးစိန်၊ မောင်သူရိန်ထွတ်၊ မဖြိုးကလျာထွတ်၊ မောင်မျိုးမင်းထွတ်၊ မကြည်ဇာထွတ်တို့၏အစ်ကိုသည် ၃-၄-၂၀၀၄ ရက် နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၀၄ ရက် (တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် အထက်ပါ နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

4-4 (19).p65 1 3/26/05, 8:44 PM

ပုံမှာ အနုပညာလက်ရာမြောက် ပန်းချီကားတစ်ချပ်မဟုတ်ပါ။ သဘာဝအနေအထား အလှအပများ မပျက်ယွင်းဘဲ ဖွံ့ဖြိုး စိုပြည်ဝေစည်လာသော မြို့တော်ရန်ကုန်၏ ပကတိအရှိတရားကို ဓာတ်ပုံပညာဖြင့် မှတ်တမ်းတင်ထားခြင်းသာဖြစ်သည်။

ဓာတ်ပုံလက်စွမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

မြန်မာ့အလှအပတို့စုဝေးရာ သာကူရဂျာဝါ

သတင်းဆောင်းပါး – မောင်မောင်စိုး၊ ဓာတ်ပုံလက်စွမ်း – သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၃

သစ်ပင်ကွယ်နေ၍ သစ်တောမမြင်ရဟူသော ဆိုရိုးစကားကို ကြားနာမှတ်သားဖူးပါသည်။ ယခုမူ တိုက်တွေ ကွယ်နေ၍ ရန်ကုန်မြို့တော်အလှကို မမြင်ရသည်မှာ ကိုယ်တွေ့ဖြစ်ပါသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း ရန်ကုန်မြို့တော်တွင် အထပ်မြင့်အဆောက်အအုံများ၊ ကွန်ဒိုမီနီယံများ၊ ကြယ်ငါးပွင့်၊ သုံးပွင့်အဆင့် ဟိုတယ်ကြီးများ တစ်ခုပြီးတစ်ခု၊ တစ်နေရာပြီးတစ်နေရာ အပြိုင်းအရိုင်းပေါ်ထွက်လာသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ●

ဆရာဦးခင်မောင်ဆန်း၏ မန္တလေးကျုံးမြို့ရိုးနှင့် ကြာရေကန် မှာ မြန်မာတို့၏ တည်ကြည်နိုင်မာ အေးချမ်းမှုကို ထင်ဟပ်စေပါသည်။

ဓာတ်ပုံလက်စွမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ဆရာဦးဘဏ်ကြယ်လေး၏ လှေနှစ်စင်း ပေါင်းဆုံမှု ပန်းချီကားမှာ ပေါင်းစည်းညီညွတ်သည့် အားမာန်ကို ပေါ်လွင်စေပါသည်။

ဓာတ်ပုံလက်စွမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

ယဉ်ကျေးမှုအစဉ်အလာကောင်းများဖြင့် နွဲပျော်မည့် ၁၃၆၇ ခုနှစ် မဟာသင်္ကြန်

သတင်းဆောင်းပါး –ဝင်းနီ
ဓာတ်ပုံမှတ်တမ်း –တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၃

မြန်မာ့ရိုးရာမဟာသင်္ကြန်သည် ရိုးရာယဉ်ကျေးမှုကို သရုပ်ဖော်သော မင်္ဂလာရှိသည့် ပွဲတော်တစ်ခုဖြစ်သည်။မြန်မာလူမျိုးများ၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် ထူးခြားလေးနက်ပြီး အဓိပ္ပာယ်ပြည့်ဝသော ရေသဘင်ပွဲတော်လည်းဖြစ်သည်။ *စာမျက်နှာ ၁၁ ကော်လံ ၁* ❑

မြန်မာ့ယဉ်ကျေးမှုသင်္ကြန်

* အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းပါ။
* သရုပ်ပျက်ယဉ်ကျေးမှုကို ရှောင်ကြဉ်ပါ။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ဖြင့် မြှင့်တင်ပါ။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

ပွန်ချောင်းတံတား

ရှမ်းပြည်နယ် (တောင်ပိုင်း) ရွှေညောင်–နမ့်စန်ရထားလမ်း ပေါ်၌ တည်ဆောက်ပြီးစီးသွားသော ပွန်ချောင်းတံတားကို မတ် ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–ရွှေအင်းသား–ခင်မောင်ဝင်း)

ယနေ့ထုတ်

စောင်ရေ

၂၀၀၀၀၅